www.burmeseclassic.com

# ကိုရွှေတောသား

ဟော်ဒန် ပွကြီး

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၈၇၃၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၄၉၀၇၀၉

ပုံနှိပ်ခြင်း ပထမအကြိမ်၊ စက်တင်ဘာ၊ ၂၀၀၉

ထုတ်ဝေသူ
ဦးချစ်ညွန့်၊ အမှတ်(၅၈)၊ ၄၅ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးကြည်စင်(လှဲလှဲမွန်ပုံနှိပ်တိုက်)
၁၅၈၊ (၄၅)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အုပ်ရေ
၅၀၀

တန်ဖိုး
၁၅၀၀

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၀၀.၈၃

ရွှေတောသား၊ ကို

မော်ခန့်ပွကြီး/ကိုရွှေတောသား-ရန်ကုန်။

အမေ့သားထိုက်စာပေ။ ၂၀၀၉။ ၂၀၀ - စာ။

၂၇.၃ စင်တီမီတာ X ၂၀ စင်တီမီတာ

www.burmeseclassic.com

www.burmeseclassic.com

# ကိုရွှေတောသား

## မော်ဒန်ပွကြီး

(ဟာသလုံးချင်းဝတ္ထုစစ်စစ်)

www.burmeseclassic.com

www.burmeseclassic.com

# မော်ဒန်ပွဲကြီး

အမှိုက်မှာ ဒိုက်တွေပတ်သလိုပ
ရုပ်ရှစ်ခွင် နယ်တရိုးမှာတော့
သူ့အသွင် သူ့အချိုးရယ်က
ဝမ်းစမိုးရော သော်သောညံ။
ဂန္တဝင်…ကိုဖြင့်
အမှန်ပင် မပန်ဆင်ဘူး
သလ္လာန်အင် ခေတ်ပေါ်ဒီဇိုင်းရယ်နဲ့
ရှိုင်းမြကာသမိုင်းသစ်အောင်ပေါ့
သူ့အသွင် သူ့အဖြစ်က
ခေတ်ပေါ်…မော်ဒန်။

အကြောင်းသိချင်သလား…
ကပြောင်းတီ ကပြောင်းဆန်
ဖောင်းလိမယ့် သူ့ကဗ္ဗည်း။
ဖတ်သူတွေ အပျော်ကြီးစေဖို့
ရေးသူမှာ တစ်ကိုယ်တည်းပါပဲ
ခိုလိုလည်း မညည်းရဲပါဘူး
မလျှော်ကာန် ထ,သာ တီးလိုက်ပ
အပျော်သန် ဘာဝခရီးမှာ
(သူဟာလေ…)
မော်ဒန်ပွဲကြီး။ ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အစည်းထုညာ

ဝေါစရာထား...

ထာ...ထွာခြေ

စေတည်းငြိမ်ထည့်

ဝိနည်းတော်ဓလေ

'မော်ဒန်ပွဲကြီး' ဖြစ်လေသတည်း။ ။

**တောက်ပည်းမြဲ**တရဲရဲဟုဆိုလင့်စကား မီးတောက်မီး လျှံဖြစ်ဖို့ရာအတွက် ပင့်ပေးမည့်လေက လိုအပ်လှချေ၏။

ခုံ . . . ပွဲကြီးတို့ ရွှေကညင်ပင်ရွာကလေးသို့ ဆရာလေးကိုသန့်စင် ပြောင်းရွှေ့ရောက်ရှိလာခဲ့ခြင်းသည် မီးလောင်ရာပန့်မည့် လေကလေးနှင့် မခြား။

ဆရာလေးကိုသန့်စင်က

www.burmeseclassic.com

www.burmeseclassic.com



စေလိုရာစေ သဘောမျိုးနှင့် ကျောင်းဆရာအလုပ် လျှောက်ထားရာက သက်ဆိုင်ရာမှ စေလွှတ်ခန့်ထားသဖြင့် မြန်မာပြည် အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသရှိ သည် 'ရွှေကညင်ပင်' ရွာကလေး၏ တွဲဘက်အလယ်တန်းကျောင်းသို့ ရောက်ရှိလာခဲ့ ခြင်းဖြစ်သည်။

ဆရာလေးကိုသန့်စင်ကား ရောက်ရာအရပ်မှာ သင့်အောင်နေတတ်သလို၊ တွေ့တဲ့သူနှင့်လည်း သင့်အောင်ပေါင်းတတ်၏။ မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုးသဖွယ် သဘောထားတတ်၍လည်း ရွှေကညင်ပင်တရွာလုံးက 'ဆရာလေး ဆရာလေး' နှင့် ခင်မင်လေးစားမှု အပြည့်အဝရထား၏။

ကျောင်းသားသူငယ်တွေ၏ လေးစားမှုကို ခံယူရရှိထား၏။

ကျေးရွာဘုန်းတော်ကြီး၊ ကျေးရွာလူကြီးများနှင့်တကွ ရပ်မိရပ်ဖတို့နှင့် ရင်းနှီးကျွမ်းဝင်အောင် နေတတ်၏။ လူငယ်ကာလသားအပေါင်းနှင့်လည်း ပလဲနံပသင့်သူမို့ ကာလတိုကလေးအတွင်းမှာပင် ရွှေကညင်ပင်နှင့် ဆရာလေး၊ ဆရာလေးနှင့် ရွှေကညင်ပင်သည် ကွဲကွာ, ခွဲခွာ၍မရလောက်အောင် တစ်သားတည်းဖြစ်သွားခဲ့လေ၏။

ဆရာလေးအဖို့ ရပ်ရွာတစ်ခုလုံးကို တိုးတက်စေချင်



သူပီပီ၊ စာပေဗဟုသုတပြည့်စုံကြစေရန် မြို့တက်ရာမှ ပြန်လာလေတိုင်း သတင်းစာဂျာနယ်၊ မဂ္ဂဇင်း၊ သုတရသ လုံးချင်းစာအုပ်များ ယူ, ယူ လာခဲ့ရာ ဆရာလေးအတွက် ရပ်ရွာမှ ဆောက်လုပ် ပေးထားသော လုံးချင်းအိမ်ကလေးသည် ကျေးရွာစာကြည့်တိုက်သဖွယ် ဖြစ်နေပါပြီကော။

ဆရာလေးသည် ရွှေကညင်ပင်ရှိ လူငယ်ကာလသားအပေါင်းအပေါ် စေတနာကြီးစွာထားရှိသူပီပီ လူငယ်ကာလသားအပေါင်းကလည်း ဆရာလေးအပေါ် လေးစားခင်မင်ကြ၏။ ဆရာ လေး၏ သြဇာတိက္ကမသည် လူငယ် ကာလသားများအပေါ်၌ ကြီးမားလှချေ၏။

"အားလပ်တဲ့အချိန်မှာ ရွာရိုးကိုးပေါက် မလျှောက်ကြနဲ့ ထန်းရည်ဆိုင်၊ အရက်ဆိုင်၊ ဇယ်ခုံ၊ ဖဲဝိုင်းတွေမှာ အချိန်မဖြုန်းကြနဲ့။စာဖတ်ကြ။ စာပေဗဟုသုတကြွယ်ဝတဲ့သူဟာ အားလုံးထက် အလေးသာတယ်ဆိုတာ မြဲမြဲမှတ်ထားကြ"

ဒါသည်ဆရာလေး၏ ပြောနေဆိုနေကျ လက်သုံးစကား။

သည်သို့ဆရာလေး၏ သြဇာသက်ရောက်မှုကြောင့် လူငယ်ကာလသား အတော်များများ အနေအထိုင်သိမ်မွေ့လာကြသည့်အတွက် ရပ်မိရပ်ဖအပေါင်းက ဆရာလေးအပေါ်

www.burmeseclassic.com



ကျေးဇူးတင်မဆုံးရှိကြသည်မှာ အဆန်းတကြယ်ဟု မဆိုသာချေ။

ဆရာလေးအနေဖြင့် လူငယ်ကာလသား အပေါင်းအပေါ် ခင်မင်သံယောဇဉ်ရှိသည်မှာ မှန်ပါ၏။ သည်အထဲမှာမှ ထူးထူးကဲကဲ ဆိုသလို အားလုံးထက်ပို၍၊သာ၍၊ကဲလွန်၍ သံယောဇဉ် ကြီးမိသူ တစ်ယောက်ရှိ၏။

ထိုသူကား. . . ရွှေကညင်ကျေးရွာသားစစ်စစ် 'ပွကြီး' ပင်ဖြစ်လေသည်တကား။

♣ ♣ ♣

**သည်တစ်နေ့ကား** ဝါတွင်းကာလ ဥပုသ်နေ့။

သည်တော့ ဆရာလေးကိုသန့်စင်တို့၏ တွဲဖက်အလယ်တန်းကျောင်းကလေးလည်း ပိတ်ပါ၏။

ရွှေကညင်ပင် ကျေးရွာသူကျေးရွာသား အပေါင်းမှာ ဘိုးစဉ်ဘောင်ဆက် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဘာသာတရားကို လွန်စွာမှကိုင်းရှိုင်းကြသူများပီပီ ဝါတွင်းဝါပ ဥပုသ်နေ့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီဆိုပါက ပျက်ကွက်မှုမရှိကြဘဲ ဆွမ်းအုပ်၊ ဆွမ်းချိုင့် ကိုယ်စီဖြင့် ရွှေကညင်ပင်အရှေ့ဖျားရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ဥပုသ်သီတင်းသီလကို ဆောက်တည်ကြစမြဲပင်။

"ဆရာလေးရေ. . အဆင်သင့်ဖြစ်ပြီလား"

ခြံပေါက်ဝမှ အသံကြားရသည်။

အဝတ်အစားလဲနေတုန်း ကြားရသည့်အသံ။ အသံရှင်ကား. . . ပွကြီး။

"ပြီးပါပြီကွာ. . . ပြီးပါပြီ။ ခုပဲ ထွက်လာခဲ့မယ်"

ဆရာလေးသည်လည်း ဥပုသ်သီလယူနေကျမို့ တပည့်ကျော်ပွကြီးက ထုံးစံအတိုင်း ဝင်ရောက်ခေါ်ခြင်းပဲဖြစ်၏။

"အဘတို့ကတော့ စောစောလေးတင်ပဲ သွားနှင့်ကြပြီ ကျွန်တော်က ဟင်းတွေပူအောင် နွှေးနေလို့ ဆရာလေးရဲ့"

"အစောကြီးပါကွာ၊ သီလပေးချိန် ကောင်းကောင်းမီပါတယ်၊ ဒါထက် မင်းငါ့ဆီကငှားသွားတဲ့စာအုပ် ဖတ်ပြီးသွားပြီလား"

"ပြီးသွားပါပြီဆရာလေးရယ်၊ အစပိုင်းတုန်းက ဟုတ်တော့မလိုလိုနဲ့ဇာတ်ကိုချီလာပြီး အဆုံးသတ်ကျတော့ ပြီးကပျက်လုပ်ချလိုက်တာ၊ ဝတ္ထုတစ်ခုလုံး ပျက်ကရောပဲ။ စာရေးဆရာ



နှယ် ကိုယ်တိုင်ရေးတာမှဟုတ်ရဲ့လား မသိဘူး"

သည်စကားကြားတော့ ဆရာလေးကိုသန့်စင် ပြုံးသွားမိတော့သည်။ ပြုံးသွားမိခြင်းနှင့်အတူ တပည့်ကျော်ပွကြီးအပေါ် ၌လည်း ကျေနပ်နေမိ၏။ ဘာကြောင့်ဆို ဘာစာဖတ်ဖတ် ပထမဦးဆုံးစာနှင့် အတူမျှောလွင့်နေအောင်ဖတ်၊ ပြီးလျှင် ပြန်စဉ်းစား၊ ကောင်းလျှင် ဘာကြောင့်ကောင်းသနည်း။ ညံ့လျှင် ဘာကြောင့် ညံ့သနည်း။ ဘယ်နေရာတွင် ဘယ်လိုကောင်း၍ ဘယ်နေရာတွေ ဘယ်လိုညံ့ နေသနည်း။ မိမိသာ စာရေးဆရာတစ်ယောက်ဖြစ်သည်ဆိုပါလျှင် ညံ့သည့်အချက်များကိုကောင်းလာအောင် မည်သို့ပြုပြင်ရေးသားပါမည်နည်း။

သည်သို့မျိုး ခံစားမှုသာမက ဝေဖန်ပိုင်းခြားမှုဖြင့်ပါ စာဖတ်တတ်စေရန် ဆရာလေးသည် သွန်သင်ခဲ့ပါ၏။ သည်သွန်သင်မှုကြောင့်ပင် ခုဆိုလျှင် တပည့်ကျော်ပွကြီးတစ်ယောက် အတော်ကလေးကို တိုးတက်လာသည်ပဲ။

ပွကြီးက သူဖတ်ပြီးခဲ့ပြီဆိုသည့်စာအုပ်အား ခါးကြားမှ ထုတ်ကာ ဆရာလေးကိုပြန်ပေးလိုက်သည်။

"ဆရာလေး"

"ဟေ. . ဘာတုန်းကွ ပွကြီး"

"ကျွန်တော် ကဗျာရေးတတ်ချင်တယ် ဆရာလေး၊

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကျော် ကဗျာဆရာတစ်ယောက် ဖြစ်ချင်တယ်"

"ဟား. . ဟား. . ဟား. . ၊ တယ်ဟုတ်ပါကလား ပွကြီး ရယ်၊ ကဗျာဆရာမှ ရိုးရိုးသာမန်တောင်မဟုတ်ဘူး၊ 'နာမည်ကျော် ကဗျာဆရာ' တဲ့။ အင်း. . . ဖြစ်ချင်တာဖြစ်နိုင်ဖို့အတွက် ကြိုးစားပေါ့ကွာ။ ကဗျာဆရာဖြစ်ချင်ရင် ကဗျာရေးပေါ့ကွ. . ဟုတ်ဘူးလား"

"ဟုတ်တာပေါ့ဆရာလေးရာ၊ ဒါပေမယ့် ကျွန်တော်က မရေးတတ်တဲ့ဥစ္စာ၊ ရေးတတ်အောင် သင်ချင်တာပေါ့၊ အဲဒါ ဆရာလေးကို သင်ပေးဖို့ရာပြောနေတာ"

"ဟာ. . ဟကောင်ပွကြီးရ၊ ကဗျာရေးတယ်ဆိုတာ ပေါ့ ပေါ့တန်တန် မဟုတ်ဘူးကွ၊ လူတိုင်း အသက်ရှူတတ်ကြပေမယ့် ကဗျာကျတော့ ရေးတတ်ကြတာမဟုတ်ဘူး၊ ဝါသနာလည်းပါ၊ ခံစားချက်ဝေဒနာကလည်းပြင်းထန်၊ ကဗျာပါရမီဓာတ်ခံလည်း ရှိပါမှ ကဗျာရေးလို့ဖြစ်တာ၊ ကဗျာဆရာဖြစ်တာ ပွကြီးရဲ့"

"ကဗျာပါရမီပြည့်ဝအောင် ကျွန်တော် ကြိုးစားမယ် ဆရာလေးရာ"

"အေး. . ဒါဆိုရင်တော့ မင်းဖြစ်ချင်တာ ဖြစ်ရပေမပေါ့၊ ခက်တာက ငါကကဗျာတွေကို ဖတ်ပြီး ခံစားပဲခံစားတတ်တာ၊ ဖွဲ့စပ်တတ်တဲ့ပညာတော့မရှိဘူး၊ ရန်ကုန်မှာတော့ ငါနဲ့ခင်တဲ့



ကဗျာဆရာတွေ အများကြီးရှိတာပေါ့ကွာ၊ သူတို့ကတော့ မင်း ကဗျာရေး တတ်ဖို့ကို သင်ပေးနိုင်လိမ့်မယ်ထင်တာပဲ"

"ဟာ ဒါဆိုရင် ဆရာလေး၊ သည်တစ်ခါ မြို့ကိုပြန်တဲ့ အခါ အပြန်ကျရင် ခေါ်လို့ရတဲ့ ကဗျာဆရာကို အလည်ခေါ်ခဲ့ပါ၊ ဧည့်သည်ရဲ့တာဝန်မှန်သမျှ အားလုံးကျေစေရပါမယ်၊ ဧည့်သည် ပြန်တဲ့အခါကျရင်လည်း လက်ဆောင်တွေအများကြီး ပေးလိုက် ဦးမှာပါ ဆရာလေးရ"

"အေးပါကွာ အေးပါ၊ ငါ အဆင်ပြေသလို စီစဉ်ပေးပါ မယ်၊ အေး ဘုန်းကြီးကျောင်းက သီလယူပြီး ပြန်ကြတဲ့အခါ ငါနဲ့ပြန်လိုက်ခဲ့ချေ. . .။ ငါ့စာအုပ်စင်မှာ ဆရာကြီးဦးဘိုးဋ္ဌေးရဲ့ 'ကဗျာဖွဲ့နည်း' ဆိုတဲ့စာအုပ်ကလေး ရှိလိမ့်မယ်၊ အဲဒါရှာပြီး မင်းကိုပေးလိုက်မယ်၊ သေသေချာချာဖတ်ပြီး အလေ့အကျင့်ရှိ လာရင် ကဗျာရေးတတ်ဖို့ရာ အထောက်အကူ ဖြစ်လာမှာ ပါကွာ"

"ကျေးဇူးတင်ပါတယ် ဆရာလေးရယ်၊ ကိုင်း. . သွားကြ စို့လား"

"အေးပါကွာ. . အေးပါ"

ပွကြီး၏လက်တစ်ဖက်မှာက ငါးဆင့်ချိုင့်။

ဆရာလေးကတော့ ဗလာကိုယ်ထီး, လက်ချည်း သက်

www.burmeseclassic.com



သက်။

နှစ်ဦးသား စကားတပြောပြောနှင့်ပင် ရွာ၏တာရိုးပေါ် ဖြစ်သန်းကာ အရှေ့ပိုင်းဘုန်းကြီး ကျောင်းရှိရာသို့ သီလပေးချိန် အမီ လျှောက်လှမ်းခဲ့ပါတော့၏။

♣ ♣ ♣

—

**အမည်သညာ** ခေါ်စရာကား . . . ပွကြီး။

ပွကြီးသည် ဖခင် ဟာလဝါဦးဝင်းမောင်နှင့် မိခင် နတ်ကတော် ဒေါ်ငြိမ်းသူတို့မှ မီးရှူးသန့်စင်ဖွားမြင်ခဲ့သော သားဖြစ်၏။ သားမှ . . တစ်ဦးတည်းသော သား။

အသက်ကြီးလေမှ သရက်သီးကြွေကျသလို ရှားတောင့် ရှားပါး ရလာသောသားကလေးဖြစ်၍လည်း မိဘများက ငုံထား

www.burmeseclassic.com

www.burmeseclassic.com



မတတ် ချစ်ခဲ့ကြလေ၏။ ဖခင်ဦးဝင်းမောင်က ပုသိမ်သား။ နယ်တကာလှည့်၍ ဟာလဝါရောင်းရာမှ ရွှေကညင်ပင်သူ နတ်ကတော် အပျိုဟိုင်းကြီး ဒေါ်ငြိမ်းသူနှင့် ဆုံဆည်းကြကာ ပုဆိုးတန်းတင် အကြင်လင်မယားဖြစ်ခဲ့ကြပြီး ဤမည်သော 'မောင်ပွကြီး' ကို မွေးဖွားခဲ့ခြင်းဖြစ်ချေ၏။

"မငြိမ်းရေ တို့သားကလေးဟာ၊ တစ်နေ့ နာမည်ကျော် အနုပညာရှင်တစ်ယောက်ဖြစ်မှာ အသေအချာပဲ"

"ဟုတ်မယ် ကိုဝင်းမောင်၊ နတ်ကနားပွဲမှာ ကျွန်မ ဆိုလေ့ဆိုထရှိတဲ့ နတ်ယိမ်းသီချင်းကို ဖျက်ဆိုထားတာများ ကျွန်မဖြင့် အံ့သြလို့ကို မဆုံးဘူး၊ ရယ်လိုက်ရတာ အူကိုနာနေတာပဲ"

"ဟုတ်လား၊ ငါတော့မကြားမိပါလား၊ လုပ်စမ်းပါဦးကွာ ငါလည်း ရယ်ချင်လို့ပါ"

သည်တော့. . . မိခင်ဒေါ်ငြိမ်းသူလည်း ခြံဝင်းထဲ၌ ခွေလှိမ့်ကစားနေသည့် သားတော်မောင်ပွကြီးကို လှမ်းခေါ်လိုက်သည်။

"ဘာများလဲ အမေရ၊ ဒီမှာ ခွေလှိမ့်လို့ကောင်းနေတာ"

"ကောင်းရင်လည်း ပြီးတော့မှဆက်လှိမ့်ပါ လူလေးရယ်၊



ဟောဒီမှာ လူကလေးရဲ့အဖေက လူလေးသီချင်းဆိုတာကို နားထောင်ချင်လို့တဲ့"

"ဘာသီချင်းလဲအမေရဲ့၊ 'မိုးရွာရင် ဖားကင်စားမယ်၊ မေမေလာရင် ကျွမ်းထိုးမယ်၊ ဖေဖေလာရင် ငွေ့သီးတောင်းစားမယ်' ကိုပြောတာလား"

"ဟား. . . ဟား. . . ဟား၊ အဲဒါသာကြည့်တော့ ကိုဝင်းမောင်၊ တော့်သား ဘယ်လောက်သွက်တယ်ဆိုတာ"

"ဟုတ်ပ့ါ မငြိမ်းရာ"

သွက်လက်ချက်ချာလွန်းသော ပွကြီးကိုကြည့်၍ မိဘနှစ်ပါးစလုံး သဘောအကျကြီးကျနေခဲ့ကြသည်။

"အဲဒါမဟုတ်ဘူး သားရဲ့၊ အမေ နတ်ကနားပွဲ မှာ ဆိုဆိုနေတဲ့ နတ်ယိမ်းသီချင်းလေကွယ်၊ အဲဒါကို သားပဲဖျက်ဆိုထားတာလေ၊ အဲဒါ. . . အဲဒါ. . . သားအဖေက ကြားချင်လို့တဲ့"

"ဩော်. . . ဒါလား ကိုင်း နားထောင်. . .

www.burmeseclassic.com

www.burmeseclassic.com



'အများမြင်တာ×××ကုလားဖင်မှာ
ရှက်စရာ တုံကင်းကုလားက
×××ချီးယိုပက်စက်တာ×××
ဩော် လိုက်ကာမနေး နတ်ကလေး သူချောင်းတာ
ဟို နေရာ×××အဘိုးကြီးတွေဟာ×××
ဒီ နေရာ×××အဘိုးကြီးတွေဟာ×××
ကြာပါပါ မြှာရှာတာ×××ပါဝါဟာ×××
ဟိုရမ်း ဒီရမ်း ကျီးကန်းတောင်းမျှောက်ပမာ
×××တခိခိရယ်လိုက်ရတာ×××
မယ်သင်ဟာ×××အကျီပါးလိုက်တာ
မယ်ဆင်ဟာ××× ဆံထုံးကြီးလိုက်တာ
(မယ်စု မယ်ပုဟာ××× ကာတစ်ထွား လိုက်တာ)၂
ဟို နေရာ××× အဘိုးကြီးတွေဟာ×××
ဒီ နေရာ××× အဘွားကြီးတွေဟာ
ကြာပါပါ×××မြှာရှာတာ×××ပါဝါဟာ
ဟိုရမ်း ဒီရမ်း ××× ကျီးကန်းတောင်းမျှောက် ပမာ×××



တခိခိရယ်လိုက်ရတာ×××"

"ဟား. . . ဟား. . . ဟား ငါသားကတော့ကွာ တကယ့်ကိုစံပါပဲလား၊ ဒါကြောင့် အနုပညာနဲ့ပတ်သက်လာရင် တောက်မည့်မီးခဲတရဲရဲပါလို့ ငါပြောတာပေါ့ မငြိမ်းရဲ့"

"ဟုတ်မနော် . . ဟုတ်ပ ဟုတ်ပ"

သည်သို့ ပြည်ပုံ လာခြင်းကောင်းသော ပွဲကြီး။

ကျောင်းနေရမည့် အရွယ်ရောက်တော့ မိဘတွေက အတန်းကျောင်း၌ ထားပေးကြသည်။ ကျောင်းနေပျော်ပါ၏။ ကျောင်းစာကား တော်လှသည် မဟုတ်၊ စာလိုက်နိုင်ရုံအဆင့် လောက်သာတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



"ဒီ...ဘဲ့ညို

'နှမ်းစေ့နဲ့ကြေးငြိမ်' ကမ္ဘာ့ကို ဖောင်းဖွဲ့ပြီးတော့ရှိရင်..

မဖော်ရရှိ..

သင်း..

သမ်း... 'မဖော်ရှိကြီးသေး'

ယူလာပြီး

လိုက်မယ်မြို့ရွာ..လိုက်မယ်"

## ၂

**ခုတော့လည်း** ပွဲကြီးတစ်ယောက် သူငယ်နှပ်စား မဟုတ်တော့ပြီ။

လောက်လောက်လားလား အရွယ်သို့ရောက်လာခဲ့ပြီ။

ကျောင်းပညာကတော့ (၈) တန်းမျှနှင့်ထွက်ခဲ့ရသည်။ မထွက်၍လည်းမဖြစ်၊ ဘာကြောင့်ဆို (၈) တန်းနှစ်ခါကျ ဖြစ်နေမှကိုး။

www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးက တစ်ဦးတည်းသောသားလေး ပွဲကြီး အတွက် နောင်ရေးကိုပူပန်ကာ စီးပွားရေးကို ခိုင်ခန့်နိုင်သလောက်ခိုင်ခန့်အောင် ကြိုးစားတည် ဆောက်ထားကြသည်။

အတန်အသင့်ကျယ်ဝန်းသောခြံကလေးထဲ၌ နှစ်ရှည်သီးပင်များကို စိုက်ပျိုးထားခဲ့ကြ၏။ နတ်ကတော် ဒေါ်ငြိမ်းသူကလည်း မကမဖြစ်သော နတ်ပွဲများရှိလျှင်သာ လိုက်ကကာ အိုးမကွာအိမ်မကွာ အိမ်ဆိုင်ကလေးကိုတည်ထားခဲ့၏။ ဖခင် ဟာလဝါဦးဝင်းမောင်ကမူ သူကျွမ်းကျင်သော ဟာလဝါရောင်းချခြင်း လုပ်ငန်းကိုလုပ်ကိုင်ရင်း အိမ်ဆိုင်အတွက် လိုအပ်မည့် ကုန်စည်တို့အား ဝယ်ယူဖြည့်တင်းသော အလုပ်တို့ကို တစ်ဖက်မှကူညီညာလုပ်ကိုင်ပေးလေ၏။ ပွဲကြီးကတော့ စီးပွားရေးကိုစိတ်မဝင်စားသေးသူပီပီ ဟိုနေရာစပ်စပ်၊ဒီနေရာစပ်စပ်။

သို့သော် ရွာက သာဒိုးတို့၊ ကွဲကြီးတို့၊ မိုက်တီးတို့ ကာလသားကြီး၊ ကာလသားငယ်တို့လို မူးရစ်သောက်စား ရမ်းကားခြင်း၊ လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ မပြုလုပ်၍ 'တော်သေးပေစွ၊ တော်ပေစွ' ဟု ကောက်ချက်ချလျက် သားကလေး စိတ်ချမ်းသာရေးကိုသာ ရှေးရှုခဲ့ကြ၏။

"တို့သားကလေး ဟော့ဟော့ရမ်းရမ်း မရှိတာဟာ ဆရာလေး ကိုသန့်စင်ရဲ့ ထိန်းကျောင်းပေးမှုကြောင့်လို့ ဆိုရမယ်



ထင်တယ်"

"ဟုတ်တာပေါ့ရှင်၊ ဆရာလေးဆိုတာဟာ ပညာတတ်ပညာရှိတစ်ယောက်ပဲဟာ၊ (၃၈) ဖြာမင်္ဂလာမှာတောင် ရှိသေးမဟုတ်လား၊ ဘာတဲ့. . 'ပညာရှိကို အရှည်တွဲလို့ မှီဝဲဆည်းကပ်နည်းယူစေ' တဲ့။ ခုဆိုရင် စားချိန်၊သောက်ချိန်၊အိပ်ချိန်ကလွဲလို့ စာအုပ်နဲ့မျက်နှာခွာတယ်မရှိဘူး၊ ပြီးတော့လည်း ဗလာစာအုပ်တစ်အုပ်နဲ့ ဘာတွေတကုတ်ကုတ် ရေးနေတယ်မသိဘူး၊ ဝန်ဇင်း မင်းရာဇာဖြစ်လာမယ့် စာတိုင်ညီဆိုရင်တော့ ဟန်အကျပဲ ကိုဝင်းမောင်"

"အေးကွ. . . ငါလည်း မင်းပြောမှ သတိထားမိတယ်၊ သဘက်ဆိုလည်း မှန်အိမ်ကြီးထွန်းလို့၊ စာတွေဖတ်လိုက် စာတွေ ရေးလိုက်လုပ်နေတာဟာ၊ ကေန္တ လယ်တီပဏ္ဍိတ ဦးမောင်ကြီးများ ဝင်စားသလား မပြောတတ်ဘူး"

"ပေါက်ပေါက်ရှာရှာတော် လယ်တီပဏ္ဍိတ 'ဦးမောင်ကြီး' သာဝင်စားရင် ကျုပ်တို့သား မောင်ပွဲကြီးဟာ ခုဆိုသင်္ကန်းဆီးနေမှာပေါ့တော့"

"ဒါဆိုလည်း စလေဦးပုညဝင်စားတာဖြစ်မယ်"

"ဘာပဲဖြစ်ဖြစ်တော် ကျုပ်တော့ သားလေးဟာ လပ်လျားလပ်လျားနဲ့ ခြေမများဘဲ အိမ်မြဲနေတာကို သဘောကျ

www.burmeseclassic.com



တယ်"

သည်လိုမျိုး မိဘနှစ်ပါး၏ ကြည်ဖြူမှု အောက်ဝယ် ပွဲကြီးအဖို့ သူလျှောက်ချင်သောလမ်းအား လျှောက်လှမ်းနေရမှုအပေါ် ကျေနပ်အားရရှိလှသည်။

သူ ဆရာလေးထံမှရလာသည့် ဆရာကြီး ဦးဘိုးငွေ၏ 'ကဗျာဖွဲ့နည်း' စာအုပ်ကလေးကို အစမှအဆုံး အပြန်အလှန် ဖတ်ရှုခဲ့ပြီးဖြစ်၏။

ဖတ်ရှုတာမှ တစ်ခေါက်တည်းလည်းမဟုတ်။

နှစ်ခေါက်လည်း မဟုတ်။

သုံးခေါက်လည်း မဟုတ်။

အကြိမ်ကြိမ်အခါခါဆိုတော့ ကဗျာဖွဲ့နည်း စာအုပ်မှ နည်းနိဿယတွေက သူ့ အာရုံတစ်ခုလုံးအပေါ် ထုံ၍လာခဲ့သည်။

"ကဗျာရေးချင် စာစပ်သင်' တဲ့၊ 'ကဗျာအစ သံပေါက်က' တဲ့၊ ကဗျာမှာ ကာရန်ဆိုတဲ့အသံဟာ သိပ်အရေးကြီးတယ်၊ ကာရန်ဆိုတာ တကယ်တော့ အသံပဲ၊ သည်အသံတွေကိုသာ ညီညွတ်အောင် စကားလုံးတွေချိတ်နိုင်ရင်ဖြင့် ကဗျာဖြစ်ပြီပေါ့ ဟုတ်ပြီ. . . ငါကဗျာလေးတွေ စမ်းရေးကြည့်မယ်၊ ရေးပြီးရင် ဆရာလေးကိုပြရမယ်၊ ငါရေးတာ ဟန်ကျပြီဆိုရင် ငါဟာ ကဗျာဆရာပွဲကြီး ဖြစ်လိမ့် မှာပေါ့"

သည်သို့သည်ပုံ သူ့ကိုယ်သူအားပေးရင်းဘ ကဗျာဖွဲ့နည်း စာအုပ်ကိုနည်းပေးလမ်းညွှန်ပြပုံများ၊ ကာရန်ယူပုံစနစ်များကို သေချာစူးစိုက်စွာ လေ့လာအတုယူရင်း သူ့အမြင်သူ့အတွေး၌ ပေါ်လာသော အကြောင်းအရာလေးများကို ကဗျာတိုလေးများအသွင် ပုံစံပြောင်းလဲပစ်ခဲ့လေတော့၏။ ဦးစွာ စံနမူနာအဖြစ် သံပေါက်ကဗျာကလေးကို နည်းယူလိုက်၏။

"ပိုးဖလံမျိုး
မီးကိုတိုး
ကိုယ်ကျိုး နည်းလှပြီ။"

"အင်း. . 'သံပေါက်ကဗျာ'တဲ့။ သုံးကြောင်းပဲရှိတယ်၊ အစမှာလေးလုံး၊ အလယ်မှာသုံးလုံး၊ အဆုံးမှာငါးလုံး။ အဲဒီစကားလုံးတွေမှာ ကာရန်ယူ ထားပုံက ပထမအကြောင်းမှာ လေးလုံးမြောက်နေရာ၊ ဒုတိယအကြောင်းမှာ သုံးလုံးမြောက်နေရာ၊ တတိယအဆုံးပိတ်အကြောင်းမှာ နှစ်လုံးမြောက်နေရာ ယူထားတယ်၊ 'မျိုး၊တိုး၊ကျိုး' ဆိုတော့'အိုး' ကာရန်ပေါ့၊ ဒီလိုဆိုရင်. . "

www.burmeseclassic.com

www.burmeseclassic.com



သို့ကလို နည်းစနစ်ကိုလေ့လာခဲ့ယူရင်း အသံသာ ကာရန်မိသည့် သံပေါက်ကဗျာများစွာကို အောက်ပါအတိုင်း ကြိုးစားပမ်းစား ရေးချလိုက်တော့သည်။

"ကြမ်းတွေပေါက်ကျိုး
ကျွမ်းခုန်ထိုး
ပုဆိုး ကျွတ်သွားပြီ..."။

"ဟ. . တော်တော်ဟုတ်တဲ့ငါပါလား၊ ပွကြီးကွ ပွကြီး၊ ငါကဗျာဆရာဖြစ်တော့မယ် ပွကြီးကဗျာဆရာ ဖြစ်တော့မယ်ဟေ့ သာစမ်း လာစမ်း ကာရန်တွေအမျိုးမျိုး ကစားပြလိုက်မယ်"

သည်သို့ ကိုယ့်ကျောကိုယ်သပ်ရင်း သံပေါက်ကဗျာများ စွာ တစ်ပုဒ်ပြီးတစ်ပုဒ်ရေးထုတ်လေတော့၏။

"နှမ်းလုံးကြိုငါမြစ်
လက်တစ်ဆစ်
ပျစ်ပျစ်ပါအောင်သွေး"။

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဟုတ်တော့ဟုတ်လာပြီ၊ ဒါပေမယ့် ကဗျာတစ်ပုဒ်မှာ ခေါင်းစဉ်ဆိုတာလိုတယ်၊ ခေါင်းစဉ်မပါရင် ခေါင်းပြတ်နေတဲ့ခန္ဓာကိုယ်ကြီးလိုဖြစ်မှာပေါ့၊ သည်တော့ အဲသည်ကဗျာကို ခေါင်းစဉ်ဘယ်လို ပေးမလဲ၊ ခေါင်းစဉ်ဘယ်လိုပေးရမလဲ. . အဲ"

ပွဲကြီးအဖို့ သူ့အတွေးနှင့်သူ အတော်ကလေး ဟုတ်နေသည်။ မှန်လေစွ။ ကဗျာတစ်ပုဒ်မှာ အတွင်းသာပါပြီး ခေါင်းစဉ်ပေးမထားလို့ကသိပ်မဟန်။ ခေါင်းစဉ်သည် ကဗျာတစ်ပုဒ်လုံးအတွက် အရေးကြီးသောနေရာမှာရှိသည်။

"အဲ. . . အဲသည် 'နှမ်းလုံးကြိုင်မြစ်' ကဗျာကို ခေါင်းစဉ်ပေးရရင်. . ပေးရရင်. . အင်း. . အင်း. . . 'မဟာဒူးကြီးဆေး' ဟုတ်ပြီ၊ လိုက်ပါကွာ. . လိုက်ပ"

သည့်နောက်မှာတော့ 'ခေါင်းစဉ်' အင်္ဂါရပ်ပါ ပြည့်စုံသည့် သံပေါက်ကဗျာများကို ရေးထုတ်ပြန် တော့သည်။



'ညဂီတ'

ညအခါတွင်
အိပ်ရာဝင်
သံလွင် ရွှေအိုးစည်။



www.burmeseclassic.com

www.burmeseclassic.com



'သံယောဇဉ်'


ဖက်ခေါင်းအုံးခွ

ဘဝင်ကျ

သုခအပျိုကြီး။








'ပြတင်းပေါက်'

နေ့ဘက်မှာခွဲ

ညဘက်တွဲ

ဘာလဲ ဖြေပါကွဲ့။

www.burmeseclassic.com

www.burmeseclassic.com

သည်လိုမျိုး သံပေါက်ကဗျာတွေကို လက်တည့်စမ်းလက်စွမ်းပြပြီးလေတော့ လေးလုံးစပ်သုံးကြောင်း ကဗျာတွေဘက် ခြေဦးလှည့်ဖို့ကြိုးစားပြန်သည်။

"ကဗျာမှာ အခြေခံဟာသံပေါက်ပဲ၊ သံပေါက်ကို ကျေညက်သွားလို့ကတော့ လေးလုံးစပ်ဆိုတာ တကယ့်ကိုမိုင်နာမှ မိုင်နာပဲ၊ 'အိစလေးလုံး၊ အလယ်သုံး၊ အဆုံး ဒွေးခုနှစ်' ဆိုသလို



ကာရန်ယူတဲ့ စနစ်ဟာလည်း သံပေါက်အတိုင်းပဲ။

အဲ. . တစ်ခုရှိတာက သံပေါက်မှာ ဒုတိယ အကြောင်းတစာလုံးသုံးလုံး၊ လေးလုံးစပ်ကျတော့ ဒုတိယအကြောင်းမှာ စာလုံးလေးလုံး၊ အဆုံးသတ်စာလုံးက ငါးလုံးမဟုတ်ဘဲ ခုနှစ်လုံးတိတိ၊ နမူနာ တစ်ပုဒ်ကို ကြည့်ပြီးရေးကြည့်တာပေါ့"

သည်သို့ စိတ်ထဲရေရွတ်ရင်း စံနမူနာ ကဗျာတစ်ပုဒ်ကို ရွေးထုတ်လျက် ကာရန်ယူပုံ အဆုံးသတ်ပုံကို သေချာကျနစွာလေ့လာလိုက်သည်။

"အိပ်မက်ထဲတွင် /
စိမ်းရုပ်ဆင်သည်
သခင်စိမ်းနိုင်လွန်းတကား.."

လေးလုံးစပ်ကဗျာ သုံးကြောင်းကဗျာဆိုသည်က. သံပေါက်ကို ကျေညက်သူအတွက်တော့ လွယ်လွယ်ကလေး။ သည်တော့လည်း ပွကြီးအတွက် သုံးကြောင်းကဗျာဟူသည် တကယ့်ကို မိုင်နာ။ သို့ကြောင့်ပင်. . .


www.burmeseclassic.com

www.burmeseclassic.com



'ညဥ့်နက်သန်းခေါင်
မီးလည်းမှောင်ပြီ
ခြင်ထောင်ထဲကို ဝင်ကြစို့..'

ဟူ၍ ကာရန်သွယ်ကြည့်လိုက်၏။



"ဟား..ဂွတ်တယ်ကွာ ဂွတ်တယ်.. တယ်ဟုတ်တဲ့ ငါ ပါလား၊ အဲ...ခေါင်းစဉ်မပါတော့ မပြည့်စုံသေးဘူး။ သည်တော့.. ခေါင်းစဉ်...ခေါင်းစဉ်...အင်း"

တွေခနဲ စဉ်းစားသည်။ ပြီးတော့ ဖျတ်ခနဲ ကဗျာခေါင်းစဉ်ကို ရေးချလိုက်သည်။ ခေါင်းစဉ်က 'တို့လင်မယား'။

သည်လောက်နှင့်တော့ ပွဲကြီးမတင်းတိမ်သေး။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဦးနှောက်ထဲ ကဗျာရေလျှဉ်တွေက တသွင်သွင်စီးဆင်းနေလေ၏။ သည်တော့လည်း တစ်ပုဒ်ပြီးတစ်ပုဒ်ဆိုသလို ကဗျာမြစ်လက်တက်တွေက ခွဲထွက်လာကြတော့သည်။



'လွမ်းလွန်းလို့ကွယ်'

ချစ်သူအာတ်ဝ္ဂ

ထုံးဖြူဖြူကို

သေးပူပူနဲ့ ပန်းချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ပြယုဂ်'

ဘီးနဲ့ကတုံး

နပမ်းလုံးတော့

ချုံးပွဲချပြီ ဝဲဒက်များ။ ။

'ဆန္ဒ'

တိုင်ကီကိုင်ပေး

ရိုင်စီကွေးရင်း

မလိုင်ဆီ အကြွေးစားချင်သည်။ ။



www.burmeseclassic.com

www.burmeseclassic.com





'ဖြစ်ပုံများ'

ဈေးရုံနဘေး

ချေးခုန်ပြေးတော့

ချေးပုံလေးတွေ ဟာပိမိတကား။ ။



'ဆံပင်ဖြူ'

ဘိုးတော်ဦးကျွတ်

ပြာတစ်ဆုပ်နှင့်

ငုတ်တုတ်ထိုင်၍ နှုတ်နေသည်။ ။

www.burmeseclassic.com

www.burmeseclassic.com

ပွကြီးအဖို့ ကဗျာရေးရင်း. . . ရေးရင်း အတော်ကလေး လက်တွေ့လာခဲ့သည်။ ကဗျာစျာန်ဝင်စားနေသဖြင့်လည်း အိပ်ရာဝင်ချိန်ရောက်သည့်တိုင် အိပ်စက်ဖို့ရာ စိတ်ကူးမဝင်ခဲ့။

"သုံးကြောင်း ကဗျာကို ဒီလောက်နိုင်နိုင် နင်းနင်းရှိပြီဆိုတော့ တဆင့်တက်ကြည့်ရမယ်။ အင်း. . 'ဒွေးချိုး' ကဗျာအမျိုးအစားကို လက်တည့်စမ်းကြည့်မှ. . ."



ဒွေးချိုးအမျိုးအစား ရေးတတ်ဖို့ရာ နမူနာအဖြစ် အမည်မသိစာဆိုတစ်ဦး၏ ဒွေးချိုးကဗျာ တစ်ပုဒ်ကို ကာရန်ယူပုံ အခံ, အအုပ်ယူပုံတို့ကို လေ့လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပိန်းကောလှေ' (

ဦးကော့လို့ ပဲ့ထောင်
ကုန်လှောင်လို့ လူစီး။

ထိုးဝါးကို ကိုင်
ကြိုးဆွဲသူ တယိုင်ယိုင်နဲ့
ရွက်တိုင်ကို လေယူသိမ်းတယ်
ပိန်းကောမကြီး။ ။



အသံစနစ်၊ ကာရန်ယူပုံအနေအထား ကိုလေ့လာပြီး သကာလ ပွဲကြီးလည်း ဒွေးချိုးကဗျာတစ်ပုဒ် မွေးဖွားရန် အားထုတ်လိုက်သည်။ ထို အချိန်တွင် ရွာအစွန်၌နေသော သဗ္ဗန်သမား ကိုရွှေဘုတ်ကို ပြေးသတိရလိုက်သည်။ ကိုရွှေဘုတ်၏ စရိုက်လက္ခဏာတွေက ပွဲကြီး၏အာရုံထဲမှာ ပြက်ပြက်ထင်ထင်။ သည်တော့လည်း. . .

www.burmeseclassic.com

www.burmeseclassic.com



'ကိုရွှေဘုတ်'

၄

နှာ...တံခွန်
ရှာအစွန်က ကိုရွှေဘုတ်။

မြစ်ဆိပ်မှာ အဝတ်လျှော်တော့
လန့်အော်စရော သူကိုင်ထား
ထွားပေ့...သူ့တုတ်။ ။



'ဖာတ်တော်'

အမြီးရယ်...ရှည်
ချီးပေတဲ့ မျောက်ကြီး။

မယ်သီတာ သူဆောင်ကျဉ်း
မင်းရာမ ပါးစပ်ဖြဲလို့
ပွဲဝင်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ပွဲကြီး၏ခေါင်းထဲသို့ 'ဒွေးချိုး' ကဗျာလေး တစ်ပုဒ်က ဝင်ရောက်လာပြန်သည်။ ထိုကဗျာကလေးကလည်း အမည်မသိစာဆိုတစ်ဦး၏ ရှေးကဗျာဖြစ်လေ၏။



'ဖိုးတောင်သူ့တဲ'

ချိုးနှစ်ကောင်
ထနောင်းပင် ညီနောင်က
လွမ်းအောင် ကူချို။
ပန်းတောင်ဖြူ
ပင်မြတ် မြေဖာထူလှ
ဖိုးတောင်သူ့တဲ။ ။

သည်ကဗျာလေး၏ အလိုက်ကို ပုံမှားရိုက်ဖို့ သူ အား ထုတ်ကြည့်သည်။ဤတွင် တစ်ခါတုန်းက အတွဲချောင်းသူ သူခိုး ချက်ကောင်၏အဖြစ်ကို ဖျတ်ခနဲသတိရသွားသည်။ သည့်အတွက် 'ဖိုးတောင်သူ့တဲ' အလိုက်အတိုင်း ရေးချကြည့် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူခိုးနှစ်ကောင်


အချောင်းလျှင် ပီပြင်သပ

ကြည်ရွှင် စိတ်ထဲ။

ငမ်းတော်မှု

ရုံတွဲတွေ နှစ်ကိုယ်မြူးတော့

ခေါင်းထောင်ပြုမြဲ။ ။





'ပရဟိတ'


ချစ်သူက အိမ်သာ

ကိုယ့်မှာက မစင်တွင်း။

ဝမ်းရစ်သူအိမ်သာတက်လေတော့

စိတ်လက်ရွှင် ကြည်သာရအောင်

တို့က ဖြေရှင်း။ ။



www.burmeseclassic.com

www.burmeseclassic.com



'ကာပ်စေးနဲ့ အပျိုကြီး'

သားငါးတွေ ခေါင်ခိုက်လို့
သိပ်ကြိုက်လည်း မဝယ်နိုင်။

ဆွဲခြင်းကိုင် ဈေးလည်ပတ်
မောလှပ် စတိုင်။
အပျိုကြီး မျက်နှာမှိုင်
ကုန်စိမ်းဆိုင် ရပ်တန့်ပြီး
အိမ်ရောက်လျှင် အာဂီနှပ်မယ်ပ
လက်ဆတ်စွာ တစ်လံလောက်ကြီး
ဝယ်ခဲ့ ခရမ်းသီး။ ။

သည်ရွှေ့သည်မျှလောက်နှင့်ပင် ပွဲကြီးအဖို့ သူ့ကိုသူ ကျေနပ်သွားတော့၏။ သည်လိုမျိုး သူရေးစပ်ထားခဲ့လေသော တဗျာများအား မနက်ဖြန်ဂျ လျှင်ဖြင့် ဆရာလေးကိုသန့်စင်ကို ပြကြည့်မည်ဟု စိတ်ထားတေးထားလိုက်လေ၏။

ထိုစဉ်မှာပင် စပါးကျီနဘေးအိပ်တန်းဆီမှ စစ်တကောင်း ကြက်ဖကြီးက 'အောက် . . အီးအီး . . အွတ်' ဟူ၍ တွန်ကျူး

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေရာ အချိန်မနည်းတော့ပြီမှန်း သတိထားမိလျက် မီးမှန်အိမ်ကိုမှိတ်ကာ အိပ်ရာဝင်ခဲ့လေတော့သတည်း။

♣ ♣ ♣

**ဆရာလေး**ကိုသန့်စင်သည် ပွဲကြီး ရေးစပ်လာသော ကဗျာတို့အား တစ်ပုဒ်ချင်း စေ့စေ့စပ်စပ် ဖတ်ပြီး ခွက်ထိုးခွက်လန် ရယ်မောပါလေတော့၏။

"ကောင်းတယ်ကွာ. . . ကောင်းတယ်၊ မင်းဟာ ကဗျာ...ါရမီဉာဏ်ရင့်သန်တဲ့ကောင်ပဲ၊ ကဗျာလေးတွေက အတော်ရွှင်...ဘာပဲ၊ တစ်ခုတော့ပြောစရာရှိတယ်၊ တစ်ချို့ကဗျာတွေက နည်း

www.burmeseclassic.com

www.burmeseclassic.com



နည်းကြမ်း သလားလို့. . ."

"ခံစားမိတဲ့အတိုင်း စပ်ကြည့်တာပဲ ဆရာလေးရယ်. . ကြမ်းတာတွေနုတာတွေကိုတော့ ကျွန်တော်လည်းမသိဘူး၊ စာအုပ်ထဲမှာတော့ 'ဒေါသသင့်တယ်' လို့ပါတာပဲ၊ ဒေါသသင့်တယ်ဆိုတာ ဘာလဲဟင်"

"ဟ! ငါက ကဗျာဆရာမှမဟုတ်တဲ့ဟာ၊ ဒေါသသင့်တယ်ဆိုတာ ဘယ်လိုလုပ်သိနိုင်မှာလဲ၊ တစ်ခုတော့ရှိတာပေါ့ကွာ၊ ဒေါသဆိုတာ မကောင်းတဲ့ကိစ္စပဲ"

"ဟုတ်တယ်နော် လူတွေ သတ္တဝါတွေမှာသာ ဒေါသရှိတယ်ထင်နေတာ၊ စာပေမှာလည်း ဒေါသဆိုတာရှိတာပါပဲလား"

"ဩော် ပြောရင်းဆိုရင်း တစ်ခုသတိရသွားတယ်"

"ဘာများပါလိမ့် ဆရာလေး"

"သည်တစ်ခေါက် မြို့ပြန်ရင် ဂန္ထဝင်ကဗျာဆရာကြီးတစ်ယောက်နဲ့တွေ့စရာရှိတယ်၊ ဆရာကြီး 'တွံတေးမျက်ပြူး' တဲ့၊ သူရေးတဲ့ကဗျာတွေဆိုရင် ကာရန်ညီ၊ အသံကိုက်၊ တကယ့်ကို ဂန္ထဝင်မြောက်မှမြောက်ပဲ"

"ဟာ သည်လိုဆရာကြီးမျိုးနဲ့ တွေ့ချင်လိုက်တာ ဆရာလေးရယ်၊ ဆရာလေးပြန်ရင် လိုက်တောင်မှလိုက်ခဲ့ချင်တယ်"



"ဆရာတွံတေးမျက်ပြူးနဲ့တွေ့ဖို့အရေး စရိတ်အကုန်ခံဖို့မလိုပါဘူး ပွကြီးရယ်၊ ဆရာကြီးက သရက်ခြောက်အရောင်းအဝယ်လုပ်နေတာကွ၊ မင်းတို့ရွာမှ သရက်တွေတော်တော်ထွက်တယ်ဆိုလို့ အဲဒါ. . မင်းတို့ရွာကိုဆင်းပြီး ဝယ်မလို့တဲ့. . ."

"ဟာ ဒါဆိုရင်တော့အတော်ပဲ၊ တည်းဖို့ခိုဖို့ စားသောက်ဖို့ကိစ္စ ဘာမှမပူနဲ့၊ ကျွန်တော့်တာဝန်သာထား ဆရာလေး၊ ဆရာကြီးလိုချင်တဲ့ သရက်သီးခြောက်တွေကိုလည်း ဈေး သက်တောင့်သက်သာရအောင် ကျွန်တော်ဝယ်ပေးပါမယ့် ဆရာလေးရဲ့"

"ဟ! ဒါဆို ကောင်းတာပေါ့ကွာ၊ နှစ်ဦး နှစ်ဖက်စလုံး အကျိုးရှိတဲ့ကိစ္စပဲဟာ၊ သူလိုက်လာမယ် ဆိုလို့ကတော့ ငါက မင်းတို့ဆီကို ရောက်အောင်ပို့ပေး ပြီးသားပဲ"

ပွကြီးအဖို့ ဇင်းနေထိုင်ရာ ရွှေကညင်ပင်ကျေးရွာသို့ ဝါရင့်ဂန္ထဝင်ကဗျာဆရာကြီးတစ်ဦး ရောက်ရှိလာမည် ဆိုခြင်းအတွက် ဝမ်းသာခြင်းဖြစ်ရသည်နှင့်အတူ မျှော်လင့်တကြီးသည်း ဖြစ်ရပြန်ပါလေသတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com





**ဆရာလေး**ကိုသန့်စင်ကား ချစ်ခင်ကြည်ညို လေးစားဖွယ် ကောင်းလှပါဘိ။ သည်တစ်ခေါက် ပညာရေးကိစ္စအတွက် နိုင်ငံချုပ်ရှိရာရန်ကုန်သို့ သွားခဲ့ပြီးသကာလ အပြန်ခရီးကျတော့ ယောဂီယောင်ဝတ်စုံဝတ်လျက် မုတ်ဆိတ်ကျင်စွယ်များ ဖွေးဖွေး ဖြူလျက်ရှိပြီး နဂါးခေါင်းတောင်ဝှေးကို ကိုင်ဆောင်ထားသော သန့်သန့်စွမ်းစွမ်းရှိသေးသည့် အဘိုးအိုတစ်ဦးကို ခေါ်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပွကြီးရေ့ . ပွကြီး၊ ဟောဒီမှာ မင်း သိပ်တွေ့ချင်တဲ့ ညည့်သည်၊ 'ဆရာကြီးတွံတေးမျက်ပြူး' ဆိုတာ ပါလာပြီဟေ့"

သည်အသံကြားရလျှင်ကြားရချင်း ပွကြီးတစ်ယောက် ဝမ်းမြောက်လွန်းမက ဝမ်းမြောက်စွာဖြင့် အိမ်ပေါ်မှခြံထဲသို့ ပြေး ဆင်းခဲ့လေသည်။

"ဝမ်းသာလိုက်တာ ဆရာလေးရာ၊ ကျွန်တော်လေ အ လို နိုင်ငံကျော်ကဗျာဆရာကြီးတစ်ယောက်ကို အရှင်လတ်လတ် မြင်တွေ့ခွင့်ရလိုက်လို့ ဝမ်းသာတာမှ ပြောမပြတတ်တော့ဘူး"

"ဟေ့သူငယ်. . 'အရှင်လတ်လတ်' မဟုတ်ဘဲ 'အသေ နွမ်းနွမ်း' သာတွေ့ခွင့်ရရင် ဝမ်းနည်းမယ်လို့ ဆိုလိုတာပေါ့"

ပွကြီး၏ စကားအပြောအဆိုလောအားကြီးမှု၊ မဆင် ခြင်မှုအပေါ် ဆရာကြီးတွံတေးမျက်ပြူးလည်း ကြက်ခေါင်း ဆိတ်မခံ ဘဲ ပြန်တွယ်ထည့်လိုက်သည်။

BURMESE CLASSIC .com

"ဟာ ကျွန်တော့်တပည့်က ဆရာကြီးအပေါ် အရိုအ သေကင်းပြီး ပြောတာမဟုတ်ပါဘူးခင်ဗျာ၊ အပြောမတတ်သည် ဖြစ်သွားရတာပါ ဆရာကြီးရဲ့၊ ဗွေမယူပါနဲ့"

"ဗွေမယူပါဘူး မောင်သန့်စင်ရယ်၊ သည်သူငယ်လေး ကို တွေ့ရရင်တွေ့ရချင်းပဲ မကြာခင် အနာဂတ်ကာလမှာ



တွေအောင် ထွန်းတောက်မယ့် ပုဂ္ဂိုလ်လေးမှန်း 'အင်ဂျင်နီယာ နည်းပညာ' နဲ့ ခန့်မှန်းမိပါရဲ့"

ဂန္ထဝင်ကဗျာ ဆရာကြီးတစ်ယောက်ဖြစ်ပါလျက် ကဗျာ သံစာသံမပါဘဲ အင်ဂျင်နီယာနည်းပညာတွေ ပြောလာ၍ ပွကြီးအဖို့ စိတ်ထဲထင့်ခနဲဖြစ်ရသည်။

"ဆရာကြီးက ဗေဒင်ဆရာလည်း လုပ်တာပဲလား"

"ဟာ! ငါက နိုင်ငံကျော်ဂန္ထဝင်ဆရာကြီးကွ၊ ဗေဒင်ပညာ လေ့လာဖူးလို့ အင်ဂျင်နီယာအတတ်ပညာနဲ့ မောင်ရင်လေးအပေါ် အကဲခတ်ပြီး ပြောတာ၊ ငါ့ကို နှယ်နှယ်ရရတော့ မထင်လေနဲ့၊ 'အလွန်အတွေးနက် ကျူးတဲ့ တွံတေးမျက်ပြူး' ဆိုတာ ငါပဲ"

"ဟာ. . . ပြောင်မြောက်လှတဲ့ စာသားလေးပဲနော်၊ အခိပ္ပာယ်လည်းရှိ၊ အသံတွေကလည်းညီနဲ့ အဲသလိုမျိုး လက် သန်းပြောတတ် ရေးတတ်ချင်လိုက်တာ"

"အဲဒါ မကျည်းရွက်ထပ်နဘေလို့ ခေါ်သကွဲ့၊ ပမာအား ဖြင့် 'မိုးထက်မြင့်ဗွေ၊ အရိုးနှင့်အခင်ဝေ၊ တိုးဆင့်ကျက်သရေ၊ ဆောင့်ဂွက်ငွေ' ဆိုတာမျိုးပေါ့"

ကဗျာဓာတ်ခံ ကဗျာစျာဉ်တွေ စီးဝင်လာခဲ့လေသည်မို့ ဆရာကြီးတွံတေးမျက်ပြူးလည်း မိုးတိုး မတ်တတ်ကြီးနှင့်ပင် ကဗျာအကြောင်း၊ စာအကြောင်းတွေကို မေးမြော်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ထောင်ထမတတ် အားရပါးရ ပြောပြလေတော့၏။

"ပွဲကြီးရေ မိုးတိုးမတတ်တတ်ကြီးကွာ၊ ဆရာကြီးကို အိမ်ထဲခေါ် ဧည့်ခံဦးမှပေါ့"

"ဩော်. . . ဟုတ်သားပဲ ဆရာလေးရာ၊ ကျွန်တော်က ကဗျာစကား စာစကားတွေကြားရတာနဲ့ အားလုံးကိုမေ့သလိုမျိုး ဖြစ်သွားတယ်၊ ကိုင်း အိမ်ပေါ်ကိုကြွကြပါ ဆရာကြီးနဲ့ ဆရာလေးတို့"

ဆရာလေးကိုသန့်စင်နှင့် ဧည့်သည် ဆရာကြီး တွံတေးမျက်ပြူးတို့လည်း ပွဲကြီးခေါ်ဆောင်သဖြင့် အိမ်ပေါ်သို့ လိုက်ပါတက်သွားလေတော့သည်။ အိမ်ပေါ်ရောက်လျှင်ရောက်ချင်း သင်ဖျူးဖျာကိုခင်း၏။ ဆေးလိပ်ခွက်၊ ရေနွေးဘန်းတို့ကိုချ၏။ လောလော လတ်လတ် ရေနွေးကြမ်းသောက်ရင်း မြည်းနိုင်ရန် ငါးရံ့ခြောက်တစ်ပြားကို ဖုတ်ကာ ယုထောင်းဆီဆမ်းလျက် ယူလာခဲ့သည်။

"ဒါထက် မင်းအဖေဦးဝင်းမောင်နဲ့ မင်းအမေဒေါ်ငြိမ်း သူကြီးတို့ကို မမြင်ပါလား"

"မမြင်ဆို ဟာလဝါလုပ်ငန်းတစ်ခုကို နည်းပေးလမ်းပြ လုပ်ရအောင် အမျိုးတွေလာခေါ်လို့ ပုသိမ်ကိုလိုက်သွားတယ် တစ်ပတ်လောက်တော့ကြာမယ်တဲ့ ဆရာလေးရဲ့၊ အမေကတော့



ရွှေပန်းတောမှာ နတ်ကဖို့ရာ မနိုင်ရင်ကာလူတွေ အတင်းဆွဲခေါ်တာနဲ့ ပါသွားတာ၊ သည်တော့ ကျွန်တော့်မှာအိမ်ဆိုင်ကလေးနဲ့ ခြေချုပ်မိနေတာပေါ့ ဆရာလေးရာ၊ ခု ဆရာလေးတို့ ရောက်လာလို့ ပျော်သွားတာတကယ်ပဲ၊ တတ်နိုင်ရင် အဖေအမေတို့ ပြန်မရောက်မချင်း ဒီမှာတည်းခိုဖို့လုပ်ထားတဲ့ ဆရာကြီးနဲ့အတူ ဆရာလေးလည်းလာအိပ်ပါလားဗျာ၊ စားဖို့သောက်ဖို့ ဘာမှမပူရပါဘူး၊ အဖေတို့အမေတို့ကလည်း ဧည့်သည်လာမှာသိလို့ လစ်ဟာမှုမရှိရလေအောင် ပြည့်ပြည့်စုံစုံစီမံပေးထားခဲ့တာ ဆရာလေးရဲ့"

"အေးပါကွာ. . . အေးပါ၊ ဆရာကြီး တွံတေးမျက်ပြူး ဒီရွာမှာရှိနေစဉ်အတွင်း ငါလာနေပါ့မယ်၊ ပြီးတော့ ဆရာကြီး ဆရာကြီးဝယ်ချင်တဲ့ သရက်သီး ခြောက်ကိစ္စကို တာဝန်ယူပေးဖို့ မမေ့နဲ့နော်"

"မမေ့ပါဘူး ဆရာလေးရယ်၊ စိတ်သာချပါ ကျွန်တော် [illegible]ထွက်တင် နည်းနည်းနောနောမဟုတ်ဘူး လိုအပ်သလောက် ပြည့်ပြည့်စုံစုံနဲ့ ဖြစ်သွားစေမှာပါ"

"ကောင်းတာပေါ့ကွာ. . . ကောင်းတာပေါ့၊ ငါလည်း ကျောင်းဘက်ခဏလှည့်လိုက်ဦးမယ်၊ ပြီးတော့မှ မင်းဆီပြန်လာဦး ရေမိုးချိုးလို့ ထမင်းစားတာပေါ့"

www.burmeseclassic.com



"ဟုတ်ကဲ့ပါဆရာလေး၊ ကျွန်တော် ဆရာလေး ရောက်လာတာနဲ့ အဆင်သင့်ဖြစ်ရလေအောင် လုပ်စရာရှိတာတွေ လုပ်ထားလိုက်ပါမယ်"

သည့်နောက်မှာတော့ ဆရာလေး ကိုသန့်စင်လည်း ဧည့်သည်တော် ဂန္ထဝင်ကဗျာဆရာ တွံတေးမျက်ပြူးအား ပွကြီး ထံ အပ်နှံလျက် စာသင်ကျောင်းဘက်သို့ ဖျတ်လက်စွာ ထွက်လာခဲ့ပါတော့၏။

♣ ♣ ♣

**ပရောင့်ရွှန်းမြ** ညတစ်ည။

ရွှန်းမြသော လရောင်ကြောင့် ပွကြီးတို့ခြံဝန်းကလေးသည် အပင်ရိပ်မကျရောက်သော မြေပြင်တစ်ဝှမ်း လင်းလင်းချင်းချင်း ရှိနေတော့သည်။

ရွှေကညင်ပင်ကျေးရွာကလေးရှိ အုန်းပင်၊ ထန်းပင်၊ ကွမ်းသီးပင်၊ ကွမ်းသီးပင်တို့၏ အရွက်အလက်များမှ ရွှေစက်

www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်တို့ သောက်ဆမ်းထားဘိသည့်အလား ဆင်းရွှေရောင်တို့ တောက်ပနေတော့သည်။

တစ်ချက်တစ်ချက် လေကလူလိုက်တိုင်း တောစံပယ်ရနံ့တို့က ဆွတ်မြစွာ ပေါ်ထွက်လာလေတော့သည်။

သည်အချိန် သည်ကာလမှာတော့ ပွဲကြီး တည်ခင်းဧည့်ခံသော ငါးဖမ်းမငါးပိကောင်နှင့် ရေနွေးကြမ်းဝိုင်းသည် ဆရာလေး ကိုသန့်စင်နှင့် ဆရာကြီး တွံတေးမျက်ပြူးတို့ကြောင့် ဝေဆာစည် ကားလှသည်ဟု ဆိုနိုင်ကောင်းပါချိမ့်။

ဆရာကြီးတွံတေးမျက်ပြူးကား တကယ့် ကဗျာ့စာဆို ဝိစ္စကြီးပါတည်း။ အထူးသဖြင့် ရှေးဟောင်းဝင် ကဗျာအမျိုးအစားတို့ကို ဖွဲ့နွဲ့စပ်ဆိုရာ၌ လက်တန်းစပ်ဆိုနိုင်သဖြင့် လွန်စွာမှ အံ့သြချီးမွမ်းဖွယ်ရာအထိ။

တန်ခဏုပ္ပတ္တိဉာဏ်နှင့်လည်း ပြည့်စုံလှပါဘိ။

ဘာအကြောင်းအရာ၊ ဘာစကားလုံးပဲ ထွက်ထွက် ကာရန်ညီ၊ နဘေကိုက်အောင် ထပ်နိုင်စွမ်း၊ စပ်နိုင်စွမ်းသော ဂုရုကြီးဟုဆိုရလျှင် မှားအံ့မထင်။ ခုပဲကြည့်။

"ငါ မင်းတို့ကို ထပ်တွန့်မဟာနဘေ၊ ကဗျာလေပြည် 'အာ-ကာရန် ၆၆လုံး' ကို လက်တန်းစပ်ပြမယ် နားထောင်ကြမလား"



"ဟာ. . . ဘယ့်နှယ့်ပြောလိုက်တာလဲ ဆရာကြီးရယ်၊ ကျွန်တော်တို့ သိပ်နားထောင်ချင်ပါပြီကော၊ ဒါကြောင့် ခြေ လက် မပြောနဲ့ နားရွက်တောင်မှ မလှုပ်ရဲတာကြည့်ပါရော"

"အဟေး. . . ဟေး၊ သည်လိုမျိုး ပညာရဲ့တန်ဖိုးကို နားလည်မှုရှိပြီး အလေးထားမှပေါ့ကွယ်၊ သည်လိုကဗျာမျိုးကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့ ငါ၊ အေး. . တို့နှစ်ယောက်ပဲ ကျွမ်းကျွမ်းကျင်ကျင် စပ်တတ်တာကွယ့်. . ၊ သည်ခေတ်ကောင်တွေ ဘယ် လိုမှစပ်နိုင်စွမ်းမရှိကြဘူး၊ စပ်လာရင်လည်း မီးကျိုးမောင်းပျက်ကဗျာတွေပဲဖြစ်လာမှာ"

ဤသို့ဤပုံ ၎င်းကိုယ်ကို၎င်းနှင့် အခြား အခြားသော သူတို့ကိုနှိုင်းယှဉ်ကာ 'ချီးမွမ်း,ခြေကျောက်၊ မိုးမြှောက်,မြေနင်း' လုပ်ရင်းဖြင့် 'ထပ်တွန့်မဟာ ဒုသောမဟာလေပြည်' အာ-ကာရန် ၆၆ လုံးကို လက်တန်းပင် လက်စွမ်းပြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## ကိုရွှေတောသား

ဒို...

သိန်းကဲ

ထိန်းဆဲ

ယိမ်းနွဲ့

ဝိန္ဒဲ့ဖခင်....

စန္ဒီ...စန္ဒာ

ဆဒ္ဒာ

ကလျာ

ဖရာ

ဂီထာ

ကဗျာ

အကာ

မဖာ

မပါ

ပရွှာ

မဖွာ

မညာ

## မော်ဒန်...... ပွဲကြီး

သညာ

တဏှာ

မဒ္ဒာ

အသံပြာ..ငှ

ဘဒ္ဒာတရင်...

အငှာ၊ အဝီ၊ ခမျာ

ခန္ဒာကြွေး၊ ဈာပန၊ ဖျာမ၊ ရှာချ...

(ဟာ...ဟာ)

မဆာ၊ အစာ၊ လှုဂမ္ဘီး မဏ္ဍာ

အဖလ္လာ၊ အလ္လာ

ဘယာ၊ ယတြာ၊ ဇာတာ၊ ကြမ္မာ...မခ

မချာ၊ မကွာ၊ တစ်ဖြာ၊ သမ္ဘာ၊ ဖရော...မအ

စာအလှ၊ ရာတနာဖျား၊ ရှာမရ၊ မပါမပ၊ စာရဏာ

သဒ္ဒါက...သဒ္ဒါက..ပေါက်ဖွားတယ်

မဏာသ မြောက်စားမပယ်။

တစ်မြွှာမျှသော်လည်း ရဝီမှန်

ပြည်တန့်တဲ့ ငမောက်

ပဏ္ဏမြွှားသဖွယ် မာနဖျောက်ထားတစ်သွယ်။

www.burmeseclassic.com

www.burmeseclassic.com



အခါမကျ၊ လာ...စ၊ နွား..မလာ့

(ဟဲ...ဟဲ)အသာပ

မခွာပ၊ မာနဖျောက်ထားမယ်၊

ဒါမှ၊ မြန်မာကွ၊ သွာဟ အာဂယောက်ျားကယ်။ ။

"တောက်! ကောင်းလှချည်လားဆရာကြီးရယ်၊ ကာရန်တွေ၊ အသံတွေ နဘေတွေများ 'နဘေအရာမှာ မြူးခုန်ကြွတဲ့ လေဆရာဦးပုည' မခြားပါကလားဗျာ"

အမှန်မတော့ ဆရာကြီး တွံတေးမျက်ပြူး ရွတ်သွားသော ကဗျာထဲရှိစာသားအချို့ကို ဆရာလေး ကိုသန့်စင်အဖို့ မလည်ရိုးအမှန်ပါ။ သို့ပါသော်ငြား နားထောင်၍ကောင်း

www.burmeseclassic.com

www.burmeseclassic.com



သည်က တစ်ကြောင်း၊ သည်လိုမျိုး အထစ်အငေါ့မရှိ မြင်းကောင်းခွာလိပ်မဖြစ်ဘဲ တရစပ်စကားလုံးတွေ ပြွတ်တွဲ ထွက်ပေါ်လာလေသည့်အတွက် ဂုဏ်ပြုချီးကျူးမိခြင်းဖြစ်တော့၏။

ပွကြီးသည်လည်း အံ့ဩမှုအပြည့်ဖြင့် ပါးစပ်အဟောင်းသား . . .

"ဒီလောက်တောင် ခက်ခဲနက်နဲလှတဲ့ မဟာကဗျာကြီးတွေတောင် လက်တန်းဖွဲ့စပ်နိုင်တယ်ဆိုတော့ သာမန်လေးချိုးကဗျာလောက်ဆိုရင် ဆရာကြီးအကွက် အပျော့ပေါ့နော်"

"ပျင်းတောင်ပျင်းသေးတယ် ပွကြီးရယ်"

"ဒါဖြင့်ရင် ဆယ်ကျော်သက် အရွယ်ရဲ့ဝေဒနာ၊ ဥပမာအားဖြင့် လူပျိုလေးတစ်ယောက်ဟာ သူချစ်ရတဲ့မိန်းကလေးက ဖြတ်စာပေးသွားတာခံရသတဲ့၊ အဲ့ဒီ့အခန့်ကလေး ရွတ်ဆိုချီးမြှင့်ပါလားဆရာကြီးရယ်"

"အောင်မယ်လေးကွာ ဒါလေးများ အဲသည် လေးချိုးမှာ ငါ ဘယ်ကလောက်နဘေနိုင်တယ်ဆိုတာ မင်းတို့သိရအောင် လက်တန်းထည့်စပ်ပြမယ်၊ အဟမ်း . . ဟမ်း . . ခွီး . . ထွက်"

ဦးစွာချောင်းဟန့်ပြီး ခွဲသလိပ်တို့ကို စွန့်ထုတ်သည်။

ပြီး . . ပွကြီးငှဲ့ပေးထားသော အကြမ်း ပန်းကန်လုံးကို ကောက်မော့ကာ လည်ချောင်းပြွန်တစ်ကြောကို ရှင်းလိုက်သည်။



ထို့နောက် မျက်လုံးအစုံ ကိုမှိတ်ကာ ပါးစပ်ကရွစိရွစိလုပ်ရင်း လက်အုပ်ချီ လိုက်၏။

"ကိုင်း . . . ရပဟော့၊ ကဗျာမှော်ဝင်ပဟော့၊ နားထောင်ကြ နားထောင်ကြ"

သို့ဆိုပြီးသကာလ ပွကြီးတို့ နားရွက်မခတ်နိုင်အောင် ဆွဲဆောင်မှုပြည့်ဝလှသော ဂန္ထဝင်မြောက် လေးချိုးကဗျာကို လက်တန်းရွတ်လိုက်ပါတော့၏။

www.burmeseclassic.com



'မြို့...သတင်း
မချို့...ယွင်း
နို့...ထမင်း
(ဟာရို့...) သွင်း
ပို့စ်မင်း...ကိုလူပြောင်။'

. ကဗျာတစ်ချိုး၏ အစပိုဒ်။

အဆက်အစပ်ရှိမရှိတော့ ပွကြီးမသိ။ နဘေ အသွားက တော့ မိမှ. . . မိ။ အသံကလည်း သုတိသာယာမှု ရှိပါလေစွ။ ဆရာကြီးတွံတေးမျက်ပြူး ကား အလွန်အတွေးနက်ကျူးစွာဖြင့် ရှေ့တစ်ပိုဒ်ကို ဆက်ပြန်ပါလေ၏။



'ဟော့..ဆရာ ရှက်ရန်သဘော
မေ့..အဟာ ကွက်ချန်မနော
ကနေ့မပါ မနက်ဖြန်ပြော
ရယ်မောလို့...လှောင်'

'ပြောင်' နှင့် 'လှောင်' ဆိုသည့် အချိုးအချ သံတွေက ညီညွတ်မှုရှိပါလေစွ။ နောက်တစ်ပိုဒ်ကျ လျှင်ဖြင့် ဘယ်လိုမျိုး ခွာထောက်ကာရန်၊ နဘေအသံ တွေနှင့် ဆရာကြီးဘယ်လိုများ လက်စွမ်းပြပါဦး မည်နည်း။ ပွကြီးတို့မှာတော့ ဆန့်တင့်ငံ့။ ဟော. . ဆက် ပြန်ပါပကော။

www.burmeseclassic.com

www.burmeseclassic.com



'မြင်ပြန်ရင် ခေါင်းခါပြပါလို့
ပေးပေးက ခပ်ရှောင်ရှောင်
လွှမ်းပိုအောင် ဒီမောင်ဘုန်း'

တတိယအပိုဒ်သို့ ရောက်ခဲ့ပြီ။ အံမယ်. . . ခွာထောက်တွေကလည်း အမိ။ 'ပြောင်' 'လှောင်' 'ရှောင်' 'အောင်' တဲ့။

နှယ်နှယ်ရရ ပုဂ္ဂိုလ်ကြီးပါကလား။

အဆုံးကို ဘယ်လိုအနားသတ်လေမည်မသိ။

"ဘယ့်နှယ့်လဲ. . . ကောင်းတယ် မဟုတ်လား"

"ကောင်း. . . ကောင်း သိပ်ကိုကောင်းတယ် ဆရာကြီး၊ နောက်ဆုံးတစ်ပိုဒ်ပဲ ကျန်တော့တယ်နော်"

"သိပါတယ်ကွာ. . . ဟောဒီမှာကြည့် အံတိုနေပြီ၊ ကိုင်းနားထောင် နားထောင်"

သို့ကလိုဆိုပြီးနောက် ကဗျာအဆုံးသတ် စတုတ္ထမြောက်အချီးကို ချီးချလိုက်လေတော့၏။



'ခု တစ်ခေါက်တွင်တော့
ရောက်လာပြီ... 'ရှေ့...အင့်ကွာ' တဲ့
ဝမ်းသာစွာ ဖောက်ဖတ်တုန်းမှာမှ
(ဟင်...အဟင့်...အဟင့်)
အိုဖုန်းလွှာ ပေါက်ကွဲတာမှ
(ဟာ...ဟ)
ရင်ထဲမှာ သက်သာမယ်ထင်ပါ့
(မောင်ရေ..သိုင်းကျူး
ဘလိုင်းငမူး..ဆလဓ်မာရေကွန်း)
'တာ့...တာ၊ ဘိုင့်...ဘိုင်' တဲ့
မဖွယ်အင်
တကယ်ပင်
အလွှယ်သခင်
နွယ်သဇင် ပေဖူးလွှာရယ်က
(ဘို့ယ်...အချားဟဲ)
ဝေမူကာ ခြေနဲ့ခတ်ပါလို့
(တောက်...)

www.burmeseclassic.com

www.burmeseclassic.com



ရှေဘူးမပါ နွေအရပ်မှာ

(အိုး...မိုင်ဂေါ့)

ဖလပ်ဝါ...ဆက်ခွာ...အရပ်တကာမှာ

ဖြတ်စာနဲ့ မုန်း...။ ။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ကဗျာဆုံးသွားတော့ ဆရာလေးကိုသန့်စင်နှင့် ပွဲကြီးတို့မှာ တိုင်ပင်မထားပါဘဲနှင့် လက်ခေါက်လက်ဝါး တီးလေသည့်အခိုက် ပင်ယံထက်မှ ကျီးအုပ်တို့ ပြိုကျလာလေသတည်း။

**ကန္တဝင်**ကဗျာဆရာကြီး တွံတေးမျက်ပြူးလည်း ပွဲကြီးတို့ရွှေကညင်ပင်ရွာကလေး၌ တစ်ပတ်တာမျှ တည်းခိုနေထိုင်စတည်းချပြီးသည့်နောက် ၎င်းအလိုရှိသည့် သရက်သီးခြောက်များကို ချိုသာသောဈေးနှုန်းဖြင့် ဝယ်ယူ၍ မြို့ပြသို့ပြန်သွားခဲ့လေပြီ။

"ငါ့တပည့် ပွဲကြီးရေ့ မင်းဟာ အင်မတန်မှ ဇွဲညဉ့်ဝတ်

www.burmeseclassic.com

www.burmeseclassic.com



ကျေတဲ့သူငယ်ပဲ။ သည်တော့ ရန်ကုန်ရောက်ရင် ငါ့ဆီဝင်လာခဲ့ပါ၊ လိပ်စာပေးခဲ့မယ် လာဖြစ်ရင် ငါ့ဆီမှာပဲတည်း ဟုတ်ပလား၊ အဲသည်ကျရင် စာပေလောကထဲ ခြေဆန့်နိုင်အောင် ဆရာကြီးအနေနဲ့ စာပေတိုက်တွေနဲ့ ဆက်သွယ်ပေးမယ်၊ စာပေသမားတွေနဲ့ မိတ်ဆက်ပေးမယ်"

"ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ဆရာကြီးရဲ့ ကျေးဇူးကို တပည့်မမေ့ပါဘူး၊ ရန်ကုန်ကိုနွေပေါက်တာနဲ့ တက်လာခဲ့မှာပါ၊ အဲသည်ကျရင် ကျွန်တော်ရေးထားတဲ့ ကဗျာတွေယူလာခဲ့မယ်"

"ယူခဲ့. . . ယူခဲ့"

"အဲသည်ကျရင် ဆရာလေးယူလာလို့ဖတ်ရတဲ့ စာအုပ်တွေထဲက စာပေသမားတွေ တစ်စုတဝေးတည်း ထိုင်လေ့ရှိကြတဲ့ 'လေထန်ကုန်း' တို့၊ 'လေအန်ကုန်း' တို့ကိုလည်း ပို့ပေးပါနော်"

"ပို့ပေးရမှာပေါ့ကွယ်. . ပို့ပေးရမှာပေါ့၊ အဲသည်မှာ ထိုင်ကြတဲ့ စာပေသမားတော်တော်များများဆိုတာ ဆရာကြီးရဲ့ တပည့်တွေကွယ့်၊ ဆရာကြီးများ ရောက်သွားလို့ကတော့ တကယ့်ကို ပြာနေကြတာကလား၊ ကိုင်း. . . ဆရာကြီး သွားပဟေ့"



ပွကြီးလည်း ဆရာကြီးတွံတေးမျက်ပြူးအား သင်္ဘောဆိပ်အထိ ဂရုတစိုက်နှင့် လိုက်လံပို့ဆောင် ပေးခဲ့၏။

ပွကြီးမှာတော့ တစ်ပတ်တိတိ ဆရာကြီး တွံတေးမျက်ပြူးထံမှ ကဗျာဩဝါဒများ နာယူမှတ်သား ရလေသည့်အတွက် ခန္ဓာကိုယ်ရှိ သွေးကြောများအားလုံး ၌ ကဗျာဓာတ်များ စီးဆင်းလျက်ရှိတော့၏။ ထိုအခါ ရန်ကုန်သို့ မသွားရောက်မီကာလအတွင်း ကဗျာတွေအများကြီးရေးပြီး ယူသွားနိုင်ရန်အတွက် အိမ်ထဲမှအိမ်ပြင် သိပ်ထွက်သည်မရှိဘဲ တကုတ်ကုတ်နှင့် ကဗျာတွေ ရေးထုတ်ပါလေတော့၏။

သို့ဖြင့် တစ်ရက်ပြီးတစ်ရက်၊ တစ်ပတ်ပြီး တစ်ပတ်၊ တစ်လပြီးတစ်လ အချိန်တွေကုန်လွန် လာခဲ့သည်နှင့်အမျှ ရေးသားစပ်ဆိုပြီးသော ကဗျာအပုဒ် အရေအတွက်မှာလည်း တိုးပွားရင်း တိုးပွားလာလေ တော့၏။

"ကောင်းတယ်ကွာ. . . မင်းကတော့ဇမ္ဗူ ပေါ် လူကျော်ဖြစ်မယ့်ပုဂ္ဂိုလ်ပဲကွ. . . ပွကြီးရ၊ ဆရာကြီး ပြန်သွားပြီးတဲ့ကာလအတွင်း ကဗျာအပုဒ်ရေ တော်တော်များများရေးနိုင်တာ ငါ်းကျူးသကွာ၊ ဆရာကြီးသာသိရင် မင်းကိုမချီးကျူးဘဲ နေမှာမဟုတ်ဘူး။

ငါက ကဗျာအပေါ် တော့ နားလည်နိုင်သလောက် ဖတ်

www.burmeseclassic.com

www.burmeseclassic.com



ရှုခံစားတတ်ပေမဲ့ ရေးဖွဲ့နိုင်တဲ့ ပါရမီတော့ တစ်ပြားသားမှ မရှိပါဘူးကွာ၊ မင်းက ဂန္တဝင်အပေါ် အတော်ကလေး အလေး အနက်ထားတာပဲ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်ကွ၊ သည်ကနေ့ စာနယ်ဇင်းလောကရဲ့ ကဗျာစာမျက်နှာတွေမှာ ဂန္တဝင် အမျိုးအစားတွေ အင်အားနည်းပြီး 'မော်ဒန်' အမျိုးအစားတွေက အင်အားတိုးပွားနေတယ်ကွ၊ တနည်းအားဖြင့် 'မော်ဒန်' ကဗျာ၊ 'မော်ဒန်' စာတွေပေါ့ကွာ"

ဆရာလေးကိုသန့်စင်က ပွကြီး၏ ကဗျာလက်ရာများကို ဖတ်ရှုရင်း မျက်မှောက် စာနယ်ဇင်း လောက၏ အနေအထားကို ပြောပြလိုက်သည်။

"မော်ဒန်! ဟုတ်လား ဆရာလေး"

"ဟုတ်တယ်လေကွာ. . မော်ဒန်. . မော်ဒန်"

မော်ဒန်ဆိုတာ အင်္ဂလိပ်စကားလုံးကွ၊ အဓိပ္ပာယ်ကတော့ 'ခေတ်မီသော' လို့ ဆိုရမလားဘဲ၊ ခေတ်နဲ့အမီ ခေတ်နဲ့ အညီ ပေါ်ထွက်လာတဲ့ စာပေ အမျိုးအစားတစ်ရပ်ပေါ့"

"ဟာ. . . ဒါဆို ကျွန်တော်ရေးနေတဲ့ ကဗျာတွေဟာ ဂန္တဝင်ဆိုတော့ ခေတ်မမီတဲ့သဘောပေါ့"

"ဒီလိုလည်း အပြတ်ပြောလို့ဖြစ်မယ်မထင်ဘူး ပွကြီး ဂန္တဝင်ဆိုတာ တရားသကိုင်စွဲမထားချင်နေ၊ စွန့်ပယ်ပစ်ပယ်လို့



မရဘူး၊ ဂန္တဝင်ဟာ တို့ရဲ့မြန်မာ့ရိုးရာ ဟန်တွေရှိတယ်၊ ယဉ်ကျေးမှု ဓလေ့စရိုက်တွေ ကိန်းဝပ်နေတယ်၊ ဂန္တဝင်ကို ထိန်းသိမ်းရင်းကနေ ခေတ်မီတိုးတက်အောင် အနုပညာစွမ်းအားနဲ့ ဖောက်ထွက်ရမှာကတော့ မင်းတို့လို အနုပညာမျိုးဆက်သစ်တွေပဲ ပွကြီး"

ပွကြီးအဖို့ ဆရာလေးကိုသန့်စင်၏ ပြောစကားများကို အလေးအနက် နားထောင်နေမိသည်။ သူရေးနေခဲ့သော ကဗျာတွေဆိုသည် ရှေးကရေးဖွဲ့ခဲ့ပြီးလေသော ကဗျာပုံသဏ္ဌာန်တွေကို နည်းနာခံယူ အမှီသဟဲပြုလျက် ဖွဲ့စပ်သော ကဗျာတွေဖြစ်၏။ ဤ၌ 'မော်ဒန်' ဆိုသောတိုစကားလုံးက သူ့အား အကြီးအကျယ် စိတ်ကိုလှုပ်ရှားစေခဲ့ပါသတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com





မော်ဒန်နတ်၏ ဖမ်းစားခြင်းခံရမှုကြောင့် ပွဲကြီးအပို့ ငါးစိမ်းမြင်၍ ငါးကစီပစ်သည်မဟုတ်သော်ငြား..

**ပွဲကြီးတစ်ယောက်** ရန်ကုန်မြေသို့ နင်းတော့မည်။

ဆရာလေးကိုသန့်စင်ကလည်း ရန်ကုန်သို့ ခေတ္တသွားရောက်ရန် အကြောင်းသင့်လေတော့ သွားရေးလာရေး၌ ဘာမျှခက်ခဲစရာမရှိတော့။

"လူလေး. . . ပွဲကြီးရေ"

"ဗျာ. . . ဘာလဲ အဖေ၊ ဘာပြောမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ရောက်ရင် အဖေ့အစ်ကိုကြီးအရင်း၊ လူလေးရဲ့ ဘကြီးအရင်းပေါ့ကွာ၊ သူတို့လင်မယားနေတဲ့ဆီမှာ တည်းပါ။ သူတို့က သားသမီးမထွန်းကားလေတော့ လူလေးကိုမြင်တာနဲ့ သိပ်ချစ်ကြမှာအမှန်ပဲ၊ အဖေ လိပ်စာရေးပေးလိုက်မယ်၊ အစ်ကိုကြီးတို့လင်မယားက ပုသိမ်ကနေ ရန်ကုန်တက်ပြီး ကိုယ်ပိုင်လုပ်ငန်းနဲ့ ကြီးပွားနေကြတာ"

"ဟုတ်ကဲ့ အဖေ၊ ကိုယ့် ဘကြီးဆီမှာတည်းရတော့ ဘာကိုမှအားနာစရာ မရှိတော့ဘူးပေါ့"

"မှန်လိုက်လေကွာ"

သည်လိုနှင့်ပင် ပွကြီးတစ်ယောက် ဆရာလေး ကိုသန့်စင်ကို အမှီသဟဲပြုလျက် ရန်ကုန်သို့ရောက်ခဲ့လေ၏။

"မင်းဘကြီး ဦးသင်းမောင်တို့နေတာက တောင်ဥက္ကလာဆိုတော့ သိပ်မဝေးပါဘူး၊ ငါပဲလိုက်ပို့မယ်၊ နောက်ရက်ကျတော့ မင်းသိပ်သွားချင်တဲ့ ဆရာကြီးတွဲတေးမျက်ပြူးဆီ သွားကြတာပေါ့၊ ဟုတ်ပလား"

"ကောင်းပါတယ် ဆရာလေးရယ်"

သို့ဖြင့် ဆရာလေးကိုသန့်စင်က ပွကြီးတို့ဘကြီးနေထိုင်ရာ တောင်ဥက္ကလာပသို့ သေချာဆိုက်မြိုက်စွာ ပို့ဆောင်ပေးခဲ့လေ၏။ ဘကြီးဦးသင်းမောင်တို့အိမ်မှာ ကိုယ်ပိုင်ဝင်းခြံလေး



အတွင်း တစ်ထပ်တိုက်ပုကလေး ဆောက်ထားရာ ခေတ်မီလှပလေစွဟု ကောက်ချက်ချရမည်သာပင်။ ဆရာလေးကိုသန့်စင်လည်း ဦးသင်းမောင် တို့ဇနီးမောင်နှံထံ ပွကြီးကိုထားခဲ့ပြီး ပြန်သွားလေသည်။

ဦးသင်းမောင်သည် သူ့ညီဦးဝင်းမောင်၏ ရေးပေးသော စာကိုဖတ်ရင်း ဝမ်းမြောက်ပျော်ရွှင်နေလေသည်။

"ကြည့်စမ်း ငါ့တူက တကယ့် လူပျိုဖားဖားကြီး ဖြစ်နေပြီကိုး၊ အေးကွာ ခုလိုမျိုး ကိုယ့်သွေးသားရင်းချာတစ်ယောက် ခုလိုမျိုးမမျှော်လင့်ဘဲ ရောက်လာတဲ့အတွက် ဝမ်းသာတယ်၊ ဘကြီးတို့လင်မယားမှာ သားထောက်သမီးခံ တစ်ယောက်မှ မရှိတော့ မင်းဟာ ဘကြီးတို့အတွက်တော့ သားပါပဲ"

သည်စကားကြားလိုက်ရသည့်အတွက် ပွကြီးအဖို့ ဝမ်းမြောက်ကြည်နူးမိသည်က အမှန်။

ဤနေရာ၌ သွေးကစကားပြောသည် ဆိုခြင်းမှာ မှန်သည်၏။

ဘကြီးတို့ဇနီးမောင်နှံက သူ့အား သွေးသား ရင်းချာသဖွယ် သဘောထားကာ ချစ်မြတ်နိုးမှုရှိသကဲ့သို့ သူကလည်း ဘကြီးနှင့်ကြီးကြီးအား မိဘများသဖွယ် လေးစားကြည်ညိုချစ်ခင်စိတ်တွေ ဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ အိမ်ဟာ လူလေးရဲ့အိမ်လို့ သဘောထား၊ ဧည့်သည်လိုမနေနဲ့၊ အိမ်ရှင်လိုသာနေ ၊ လုပ်စရာရှိတာလုပ်၊ စားစရာရှိတာစား၊ သုံးချင်စွဲချင်ရင် ဘကြီးနဲ့မကြုံရင် မင့်ကြီးကြီး ဆီက တောင်းပြီးသုံး ဟုတ်ပလား"

"ဟုတ်ကဲ့. . ဘကြီး"

"အေး. . . မင်းကျောင်းဆက်တက်ချင်တယ်၊ စာမေးပွဲ ထပ်ဖြေချင်တယ်ဆိုရင်လည်း ပြော၊ အစစအရာရာ တာဝန်ယူ တယ်"

"လောလောဆယ်တော့ ပညာရေးကိစ္စကို ခေါင်းထဲ မထည့်ချင်သေးဘူး ဘကြီးရာ၊ ကျွန်တော်က စာပေဝါသနာ ပါတယ် ဘကြီးရဲ့၊ နာမည်ကျော် ကဗျာဆရာ၊ စာရေးဆရာ ဖြစ်အောင်ကြိုးစားချင်တာ"

"ဟား. . . ဒါလည်းကောင်းတာပဲ၊ လူမှာ ကြိုးစားချင်တဲ့ စိတ်ရှိရမယ်၊ အဲသည်စိတ်ကို ဇွဲလုံ့လ ဝီရိယနဲ့ မဖြစ်မနေ အကောင်အထည်ဖော်ရင် တစ်နေ့မဟုတ်တစ်နေ့တော့ လူလေး သွားချင်တဲ့ ပန်းတိုင်ရှိရာကို ရောက်ရမှာပါ"

ဘကြီးထံမှ ပေါ်ထွက်လာသော စကားလုံး အပိုင်းအစ တွေက ပွဲကြီးအတွက်တော့ဖြင့် အားရှိစရာတွေချည်း။ အိမ်နှင့် ခြံဝင်းကလည်း တကယ့်ကို ကျယ်ကျယ်ဝန်းဝန်းဆိုတော့ သူ



တစ်ယောက် တိုးလာသော်လည်း ချောင်ချောင်ချိချိမှ ချောင် ချောင်ချိချိပင်။

ကြီးကြီးက သူလွတ်လပ်စွာနေနိုင်ဖို့ အခန်းလွတ်တစ်ခန်း ကို စီစဉ်ပေးသည်။ စာရေးရန် စားပွဲ၊ ထိုင်ရန် ကုလားထိုင်၊ ညဘက်လင်းလင်းချင်းချင်းနှင့် စာဖတ်နိုင်၊ စာရေးနိုင်ဖို့ မီးအုပ် ဆောင်းကလည်း အရန်သင့်။ ရွာနှင့်တော့ ခေတ်မီတိုးတက် ပုံခြင်း ကွာမှကွာ။

ပွဲကြီးအဖို့ ကောင်းမွန်စွာပြောင်းလဲလာသော သူ့ဘဝ အတွက် ဝမ်းသာကြည်နူးခြင်းများနှင့်အတူ မွေ့ယာခင်းထား သော ကုတင်ပေါ်၌လဲလျောင်းရင်း မီးခလုတ်ကိုပိတ်ကာနှစ်နှစ် ခြိုက်ခြိုက်ပင် အိပ်စက် သွားပါလေတော့၏။

ဆရာလေးကိုသန့်စင်ကျေးဇူးကား သူ့အပေါ် ကြီးမား လှပါဘိ။

ဆရာလေးကြောင့် ဂန္ထဝင်ကဗျာတွေနှင့် ထိစပ်ခဲ့ ရ၏။

ဂန္ထဝင်ကဗျာဆရာကြီး တွံတေးမျက်ပြူးနှင့် ဆုံခဲ့ရ၏။

ခု ဆရာကြီးတွံတေးမျက်ပြူးက စာပေလောကသား [illegible] နှင့် ထိတွေ့နိုင်ရန်ဟုဆိုကာ နာမည်ကျော် 'လေအန်ကျင်' [illegible]န်းသို့ ခေါ်ဆောင်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည် လေအန်ကုန်း ဆိုသည်မှာ 'အမှောင်ခွင်း၍ အလင်းဆောင်အံ့' ဆိုသည့် ဆောင်ပုဒ်ကို ကိုင်စွဲထားသည့် ကုန်ဿည်လမ်း စာပေဗိမာန်အနီးရှိ ဇင်မင်းမောင် လက်ဖက်ရည်ဆိုင်ရှေ့ ပလက်ဖောင်းဝန်းကျင်ပင်ဖြစ်၏။

"မနက်ခင်းနဲ့ညနေခင်းမှာ စာပေသမားတွေ စည်ကားတယ်၊ အထူးသဖြင့် တစ်ပတ်မှာ အင်္ဂါနေ့နဲ့ သောကြာနေ့က အစည်ကားဆုံး။ ကဗျာဆရာ၊ အယ်ဒီတာ၊ ထုတ်ဝေသူ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ စာရေးဆရာတွေလာထိုင်ပြီး စကားတွေဝိုင်းဖွဲ့ပြော ကြတယ်၊ စာမူအပေးအယူ၊ စာမူခအပေးအယူတွေ လုပ်ကြတယ်. . . .

လက်ဖက်ရည် သောက်ကြရင်တောင်မှ သီးသန့်တစ်ခွက်ချင်း မှာမသောက်ကြဘူး၊ ခြောက်ရာတန်တစ်အိုးဆိုပြီးမှာပြီးတော့ ရေနွေးနည်းနည်းစပ်လို့ အကြမ်းပန်းကန်လုံးနဲ့ မှုသောက်ကြတာ၊ တစ်အိုးဆိုရင် အနည်းဆုံး (၈) ယောက်လောက်တော့ အိုကေပဲ၊ ဒါဟာ စည်းလုံးညီညွတ်မှု၊ လက်ရည်တစ်ပြင်တည်း ဆိုတဲ့ စိတ်ဓာတ်ကိုပြတာပဲ. . . .

စာရေးဆရာမတွေ ဆိုရင်လည်း လေအန်ကုန်းကိုရောက်လာတဲ့အခါ ဘယ်တော့မှ လက်ဗလာချည်းမလာကြဘူး တစ်နေရာရာကနေ ဘိန်းမုန့်၊ အကြော်စုံ၊ စမူဆာ၊ ပေါင်မုန့်



တီတ်မုန့်ခြောက်၊ ကောင်းညှင်းပေါင်းစသဖြင့် တစ်နိုင်တစ်ပိုင်ဝယ်လာပြီး စာပေဝိုင်းတွေကို ဒါနပြုတာကွ. . ပွကြီးရဲ့"

ဆရာကြီးတွဲ့တေးမျက်ပြူးထံမှ အဆိုပါ လေထန်ကုန်းဒေသနာကို ကြားလိုက်ရတော့ ပွကြီးအဖို့ လေအန်ကုန်းကိုမရောက်သေးခင်မှာပင် ချစ်မက်သွားခဲ့ ရလေသည်။

"အဲသည်ရောက်ရင် ဘယ်စာပေသမားက ဘယ်သူဘယ်ဝါဆိုတာကို ပြောပြပေးဦးနော် ဆရာကြီး"

"ပြောပြမှာပေါ့ကွာ၊ ပြောပြရုံတင်မဟုတ်ဘူး စာပေလောကသားတစ်ဦးဖြစ်လာမယ့် မင်းကိုလည်း သူတို့နဲ့ မိတ်ဆက်ပေးဦးမယ်"

"ဟာ. . . ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ အဲသည်ရောက်ရင် ကျွန်တော်လက်ဖက်ရည်ဒကာခံပါရစေ၊ ဒါနပြုပါရစေ ဆရာကြီး"

"ကောင်းပေ့ဗျား. . . ကောင်းပေ့. . ကောင်းပေ့"

သို့ဖြင့်ပင် ကားပေါ်၌ စကားတပြောပြောနှင့် လိုက်ပါလာခဲ့ရာ ဆိပ်ကမ်းသာလမ်း မှတ်တိုင်ရောက်လေသော် ဆင်းလိုက်ကြသည်။ ထို့နောက် တစ်ဖက်ပလက်ဖောင်းရှိရာ ကူးလာ၍ အတန်ငယ်လျှောက် လိုက်လျှင်ပင် ဇင်မင်းမောင် လက်ဖက်ရည်ဆိုင် မျက်နှာစာရှေ့ ပလက်ဖောင်း၌ ခုံပုလေးများ

www.burmeseclassic.com

www.burmeseclassic.com



အစီအရီ ချထားသော လေအန်ကုန်းကို ဘွားခနဲတွေ့မြင်လိုက်ကြရလေသည်။ နှစ်ဦးသား အစွန်စားပွဲ၌ နေရာယူလိုက်ကြ၏။

လေအန်ကုန်း ရပ်ဝန်းမှာတော့ ရေတမာပင်ကြီးက အခက်အရွက်တွေစုံလင်စွာဖြင့် အေးမြရိပ်ကို အစွမ်းကုန်ပေးနေလေသည်။

လွယ်အိတ်ကိုယ်စီလွယ်ထားသူ အချို့သည် ပလက်ဖောင်း၌ခင်းထားသော ပလပ်စတစ်ခုံများ၌ ထိုင်ကြလျက် လက်ဖက်ရည်၊ ကော်ဖီမစ်၊ မုန့်ဟင်းခါး၊ ထမင်းသုပ်၊ ထမင်းကြော်၊ အုန်းနို့ခေါက်ဆွဲနှင့် နန်းကြီးသုပ် အစရှိသည်တို့ ကို ဘာတစ်ခုဆို ဘာတစ်ခုမျှ မမှာကြဘဲ -

"ရေနွေးကြမ်းပေးပါဟေ့. . . ရေနွေးကြမ်း. . ရေနွေးကြမ်း"

ဟု အော်ဟစ်ကာ အိုးလွတ်ကလေးများကို ကိုင်မြှောက်ကြရင်း ရေနွေးကြမ်းကိုသာ ထည့်လဲမှာနေ ကြလေသည်။

သည်ကတည်းက ပွဲကြီးအဖို့ စာရေးဆရာတွေ၊ ကဗျာဆရာတွေမှန်း ရိပ်စားလိုက်မိ၏။ ထိုအခိုက် ရွှေလက်စွပ်ကြီး တဝင်းဝင်းနှင့် အိတ်အနက်ကြီး ဆွဲလာသူတစ်ဦး အဆိုပါအုပ်စုကြားသို့ ဝင်ရောက်ရောနှောလိုက်လေရာ ထိုပုဂ္ဂိုလ်အား



စာရေးဆရာထက် ထုတ်ဝေသူတစ်ဦးဖြစ်လိမ့်မည်ဟူ၍ တွေးထင်မိပြန်၏။

သို့ပါသော်ငြား အဆိုပါပုဂ္ဂိုလ်တွေမှာ ဘယ်သူ ဘယ်ဝါတွေဖြစ်ကြောင်း နယ်မှတက်လာသည့် စာပေဝါသနာရှင် ပွဲကြီးအဖို့ မသိတတ်နိုင်ပါ။ မျက်စိသူငယ် နားသူငယ်နှင့်ပင် ဟိုဟိုသည်သည် ကြည့်ငေးနေမိလေသည်။

လေအန်ကုန်းရပ်ဝန်းကလေးကား တစ်စထက် တစ်စစည်ကားလာခဲ့ချေပြီ။

အံမယ်. . . ယောကျ်ားသားများသာမက လှတပတမိန်းမသားများ၊ အသက်ကြီးကြီး မိန်းမသားများပါ ပါဝင်လာကြပြန်သေး။ ၎င်းတို့အားလုံးသည် တစ်ဦးနှင့်တစ်ဦး ရှေးရှေးသော အတိတ်ကာလကတည်းကပင် ပဋ္ဌာန်းဆက်တွေပါလာကြ၍ထင့်။ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ဝိုင်းဖွဲ့လျက် ရင်းနှီးခင်မင်စွာ စကားစမြည် ပြောဆိုနေကြသည်များကား ...ဖြစ်စရာ ကောင်းလှပါချိမ့်။

အရပ်ကလန်ကလားနှင့် ကျပ်ထုပ်စည်းထားသလိုမျိုး ...ဘဲစားဆင်ယင်ထားပြီး ကာလာရောင်စုံ ခြယ်သထားသော ...မပျိုလေးတစ်ဦးက ကြွပ်ကြွပ်အိတ် နှစ်ထုတ်ကိုဆွဲလာကာ ...ဖက်ရည်စားပွဲပေါ် ရောက်လေသော်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟေး. . . ဘိန်းမုန့်ကွ. . ဘိန်းမုန့်၊ ဘိတ်သူယူလာတဲ့ ဘိန်းမုန့်၊ ရေနွေးကြမ်းနဲ့မျှောချရမယ်ဟေ့၊ မျှောချရမယ်"

ဟူသော အသံထွက်ပေါ်လာလျက် တစ်ယောက်တစ်လက် ဝိုင်းဝန်းဖြုံဖွဲ့ပုံများကို မြင်ရတော့ ပွကြီးအဖို့ သွားရည်များပင် ကျတော့မတတ်။ သူတို့ ဘယ်သူများပါလိမ့်။ ဆရာကြီးတွဲတေးမျက်ပြူးကို ကြည့်လိုက်တော့ လမ်းဖြတ်ကူးသွားသည့် မဒီကလေး၏ နောင်ပိုင်းကို ကြည့်ငေးနေလေသည်။

လေအန်ကုန်းကား ဝင်လာမစဲတသဲသဲ ရယ်ပါတည်း။

"ဟော့ဒီမှာ. . . ဒကာပေါ်လာပဟေ့၊ စားပွဲထိုးကို လှမ်းခေါ်ကွာ ခြောက်ရာတန်နှစ်အိုးမှာမယ်"

"ရှယ်ပေါ့ကွာ လက်ဖက်ရည်နှစ်အိုး ရောက်လာရင် ရေနွေးပူပူရောဖို့လည်း မမေ့နဲ့ဦး၊ ဒါမှ မျှမျှတတ သောက်ရမှာ"

"စိတ်ချ၊ ဒီလိုနေရာမျိုးမှာ ကျော်ကျော်ဦး (လယ်ဝေး) တို့က ကျွမ်းကျင်အဆင့်တစ်ပဲ"

အဆိုပါမြင်ကွင်းကား ဘယ်မှာမှ မမြင်တွေ့နိုင်သော လက်ရည်တစ်ပြင်တည်း မြင်ကွင်းပင် မဟုတ်ပါလား။

လက်ဖက်ရည်ဆို၍ ခွက်ကြီးကြီးဖြင့် ထည့်သောက်ကြလေသည်တော့မဟုတ်။ ရေနွေးပူပူ ရောစပ်သူက ကော်ဖလား



အတွင်းရေစိမ်ထားသော အကြမ်းပန်းကန်လုံးငယ်များကို စားပွဲခုံပေါ် အစီအရီ ပက်လက်လှန်ချလိုက်ကာ ကရားအတွင်းမှ အချိန်အဆဖြင့် ရေနွေးကြမ်းစပ်ထားသော လက်ဖက်ရည်အား အညီအမျှ ငှဲ့ထည့်လိုက်သည်။

ပြီးတော့. . . နို့စပ်ရာကို လက်ဆင့်ကမ်း ဝေသည်။ အနီးဆုံးရရှိသူတို့မှာ ဘုန်းကြီးသုံးပါး။ သို့ဆိုလျှင် ထိုဘုန်းကြီးသုံးပါးသည် စာပေဘုန်းကြီးများပင် ဖြစ်လိမ့်မည်ဟု ပွကြီးတွေးမိသည်။ ဘုန်းကြီးတွေ သုံးဆောင်ပြီးလေတော့ ကျန်ပုဂ္ဂိုလ်တွေအားလုံး တစ်ယောက်တစ်ခွက်ဟဲလိုက်၏။ သောက်ပြီးပါက ကော်ဖလားထဲပြန်ထည့်။ ဖလားထဲမှ ရေနှင့်ခွက်ကိုဆေး၊ စားပွဲပေါ်ပြန်ချ။ မသောက်ရသေးသူတွေအတွက် ထပ်ငှဲ့။ အံမယ် ကြည့်, ကြည့်လို့ ကောင်းပါသေးတော့။

ထိုအခိုက် အဖိုးတန်ကားဖြူဖြူတစ်စီးသည် ၎င်းတို့ဝိုင်းအနီးသို့ ဘက်ဆုတ်လာခဲ့သည်။ နေသားတကျဖြစ်လေသော် ကားစက်ကို ရပ်လိုက်လေ၏။ ထိုအခါ ကားအတွင်းမှ ဖိုင်တွဲတစ်တွဲကိုင်၍ မလိုင်မွှမွှ စတိုင်ကျကျဖြင့် ရုပ်ဆိုးဆိုးလူတစ်ယောက် ဆင်းလာပါတော့၏။ ထိုပုဂ္ဂိုလ်သည်လည်း ထိုဝိုင်းသို့ ဦးတည်၍သွားရာ စာပေသမားလော၊ ထုတ်ဝေသူလော ကြီးမတွေးတတ်ပြန်။ ထိုပုဂ္ဂိုလ်သည် ဝိုင်း၌ ထိုင်နေကြသူ

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအား ဦးညွှတ်ရင်း

"မိဘဆရာသမား၊ ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို၊ မမ အပေါင်းကို အထူးတလည် လေးစားဦးညွှတ်ပါတယ် ခင်ဗျား။ အားလုံး သောက်ပြီးကြပြီလား. . . ! မသောက်ရသေးဘူးဆိုရင် သုံးအိုး လောက်လင်မှာပါ၊ ဟော့ စားပွဲထိုးကောင်လေး လာပါဦးကွာ"

သည်သို့ ဩဇာသံဖြင့်ပြောလေသော် စားပွဲထိုးလေးလည်း အပါးသို့ ရောက်သွားပါလေ၏။

"ဟော့. . . သည့်ကဝိုင်းတွေအတွက် လက်ဖက်ရည်သုံးအိုးချ၊ အားလုံးငါရှင်းပေးမယ် ဟုတ်ပလား၊ အဲ ငါ့အတွက် တစ်ခွက်လုပ်ပေး သူတို့သောက်တာယက် သာပစေ"

ဘယ်လိုကြီးပါလိမ့်. . .။

အပြောအဆိုက တင်တင်စီးစီး။ တကယ့်ကိုရိုက်ပေါက်။

သို့ရာတွင် ဝိုင်းထဲရှိသူများသည် အဆိုပါပုဂ္ဂိုလ်အား စိတ်ဆိုးပုံမပြသည့်အပြင် ပြုံးပြုံးရယ်ရယ်ပင် ဆက်ဆံနေပါသေးတော့။ ဇကန္တ စကားတင်စီး ပြောဆိုသည်မှာ အားလုံးအပေါ် ချစ်စနိုးစပြောင်သည့်သဘောပင် ဖြစ်ချိမ့်မည်။

ထိုအချိန်တွင် ရှည်လျားသောဆံပင်ဖြူများကို နောက်မှီးစီးကာ စတီးဆွဲကြိုးကိုလည်တွင်ဆွဲ၊ ရေသံပုတီးကိုတချောက်



ချောက်စိတ်နေသည့် တရုတ်အဖိုးကြီးတစ်ဦးကလည်း ဘာမဆိုင်ညာမဆိုင် အဆိုပါ ဝိုင်းအတွင်းသို့ဝင်ထိုင်ပြီး တစ်ဦးမှကမ်းပေးလိုက်သော လက်ဖက်ရည်ခွက်ကိုယူကာ ဂွပ်ခနဲမော့ချလိုက်၏။ ပြီးလေသော်မုတ်ဆိတ်ဖြူ ရှည်လျားလျားတို့အား ပွတ်ဆွဲရင်း တစ်စုံတစ်ခုကို တွေးတောနေလေသည်။

ဩော်. . . အတော်လည်း လူမျိုးစုံ၊ စရိုက်တွေ စုံလေသည့် လေအန်ကုန်းပါတကား။ မကြာခင်မှာပင် ကြီးမားသောလွယ်အိတ်ကြီးကိုလွယ်လျက် နှုတ်ခမ်းမွှေး ကားကားနှင့်ပုဂ္ဂိုလ်တစ်ဦးသည် ကိုယ်ရောင်ကိုယ်ဝါ မည်းမှောင်လှစွာသောပုဂ္ဂိုလ်တစ်ဦးနှင့် ယှဉ်တွဲလျှောက် လာရာက အဆိုပါ လေအန်ကုန်းဝိုင်းအတွင်းသို့ ဝင်ရောက်သွားကြပြန်လေသည်။

"ဒီဆိုင်က အတော်သဘောကောင်းတဲ့ ဆိုင်ပဲနော်၊ စာပေသမားတွေရဲ့အန္တအတာကို တော်တော်လေးခံပုံရတယ် ဆရာကြီး"

"ဟုတ်တယ်. . . ပွဲကြီးရဲ့၊ ဆိုင်ရှင် အန်ကယ်ကြီးဆိုတဲ့ ပုဂ္ဂိုလ်က သိပ်သဘောထားပြည့်ဝတယ်၊ စာပေသမားတွေ အပေါ်ကို လေးလေးစားစားရှိတယ်၊ ဝိုင်းမှာ လက်ဖက်ရည် ...မမှာမှာ ထိုင်ချင်သလောက် ထိုင်လို့ရတယ်၊ ရေနွေးကြမ်း ...ပြတ်တမ်းထည့်ပေးတယ်၊ တစ်ဖက်ကဖုန်းလာရင်တောင်

www.burmeseclassic.com

www.burmeseclassic.com



ဖုန်း ဆက်ခမယူဘဲ အခမဲ့ကူညီတယ်၊ စာအုပ်စာတမ်းတွေကို သိမ်းပေးတယ်၊ မှာကြားစရာရှိတာတွေကို မှတ်ထားပေးတယ်။ ဒါကြောင့်လည်း စာပေသမားအများစုအတွက် 'လေအန်ကုန်း' ရယ်လို့ ဘုံမိနက်သန်ဖြစ်လာခဲ့တာပေါ့"

"ဒါထက်. . . အခုမြင်နေရတဲ့ စာပေသမားတွေဟာ ဘယ်သူဘယ်ဝါတွေဖြစ်ကြတယ်ဆိုတာ ပြောပါဦး ဆရာကြီးရယ်"

"အင်း. . . စောစောတုန်းက ဖိုင်တွဲကိုင်ပြီး ကားပေါ်က ဆင်းလာတဲ့ပုဂ္ဂိုလ်ကို တွေ့တယ်မဟုတ်လား"

"ဟုတ်ကဲ့. . . တွေ့တယ်ဆရာကြီး၊ ဟောပြောရင်းဆိုရင်း ဟမ်းဖုန်းထုတ်နေပြီ"

"အဲဒါပေါ့. . . ပဲခူးတိုင်း ဝေါမြို့နယ်၊ သူရဲသမိန်ရွာကနေ ထူးထူးချွန်ချွန်ဖြစ်လာတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးပေါ့၊ သူ့ရွာကလေးကို အမြဲတမ်း အမှန်းထားတတ်သလို သူရဲသမိန်ရွာကလေး တိုးတက်ဖို့အတွက် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်ပေးနေတဲ့ မောင်ချစ် (သူရဲသမိန်) ဆိုတာလေ၊ လေအန်ကုန်းရဲ့ ထာဝရ လက်ဖက်ရည်ဒကာကြီးပေါ့"

"သြော်. . . အဲဒါ ဆရာမောင်ချစ် (သူရဲသမိန်) ဆိုတာ



ကိုး၊ ဟို. . ဘုန်းတော်ကြီးသုံးပါးကကောဟင်"

"အင်း. . . အသားမည်းမည်းနဲ့ မျက်မှန်နဲ့ဘုန်းကြီးက မောင်မောင် (မြန်မာပြည်) ဆိုတဲ့ ကလောင်နဲ့စာရေးနေတဲ့ စာရေးဆရာပေါ့၊ နောက် အသားညိုညို မျက်မှန်နဲ့ဘုန်းကြီးက ခရာ (ကေတ) ဆိုတဲ့ကလောင်နဲ့ ဘာသာရေးစာပေတွေရေးတယ်၊ အဲ မျက်မှန်လွတ်ကိုယ်တော်ကတော့ အကြောင်းအရာ စွယ်စုံရေးတဲ့ စာရေးဆရာ 'မင်းကံသာ' ဆိုတာပဲ"

"ဟာ. . . နာမည်ကျော်တွေပဲ၊ အဲ. . . နဖူးပြောင်ပြောင် အသားနက်နက် နှုတ်ခမ်းမွှေး မုတ်ဆိတ်မွှေး ကျိုးတို့ကျဲတဲနဲ့ အုတ်ခုံပေါ် ထိုင်ပြီး ဝါစေ့ဆိတ်ဝါးသလို ကွမ်းတွေအဆက်မပြတ်ဝါးရင်း မျက်နှာမဲ့ရွဲ့နေတဲ့ ပုဂ္ဂိုလ်ကကောဟင်"

"အဲဒါလည်း နိုင်ငံကျော်စာရေးဆရာ တစ်ယောက်ပဲ၊ 'ငါမပါ ဘယ်တော့မှမပြီး' ဆိုတဲ့ မောင်မြေကြီး (ပန်းတောင်း) ဆိုတာပေါ့၊ ရေချိန်ကလေးများ ကိုက်လို့ကတော့ အဆိုတွေ၊ အဟဲတွေ၊ အငို တွေလာတော့မယ်"

"သြော်. . . ဒီလိုကိုး၊ ဟို ဆံပင်ကို နောက်မြီးစည်းထားတဲ့ တရုတ်ဘိုးတော်လိုလို ပုတီးစိပ်နေတဲ့ ပုဂ္ဂိုလ်ကြီးကကော"

"အဲဒါလည်း နိုင်ငံကျော်စာရေးဆရာကြီးပဲ၊ ဆရာကြီး

www.burmeseclassic.com



အရိန္ဒမာ' ဆိုတဲ့ကလောင်နာမည်နဲ့ ဂမ္ဘီရ ဝတ္ထုတွေရေးသလို 'သုတေသီမြင့်ထွန်း' ဆိုတဲ့နာမည်နဲ့လည်း လောကီရေးရာတွေ၊ သုတေသနစာအုပ်တွေ ရေးတဲ့ပုဂ္ဂိုလ်ပဲ"

"နယ်နယ်ရရ ပုဂ္ဂိုလ်တွေမဟုတ်ပါလား၊ ဆိုင်ထဲမှာ မျက်မှန်အနက်ကြီးတပ်ပြီး ပဲနို့သောက်ရင်း ပြုံးနေတဲ့ ရုပ်ရည် ခပ်သန့်သန့် ပုဂ္ဂိုလ်ကြီးကကောဟင်"

"အဲဒါ. . . အမျိုးသားစာပေဆုတွေအပြင် အရှေ့တောင်အာရှ အာဆီယံစာပေဆုကိုပါရခဲ့တဲ့ ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း ဆိုတာပေါ့၊ ဇင်အောင်၊ ဆလိုင်းဇင်အောင် စတဲ့ ကလောင်နဲ့လည်း ဟာသဝတ္ထုတွေ၊ သရော်စာတွေ အဆက်မပြတ် ရေးနေတယ်၊ ခုဆို အသက် (၈၀) ပြည့်သွားလို့ အကန်တော့ခံ သက်ကြီးစာပေပညာရှင် စာရင်းတောင် ဝင်သွားပြီ"

"လေးစားစရာပါပဲလား ဆရာကြီးရယ်၊ ဟောဟိုထောင့် စားပွဲမှာ ယပ်တောင်လေးတဖျတ်ဖျတ်ခတ်ရင်း ဆံထုံးကလေးနှစ်ခုကို ချိုစောင်းကပ်အောင် ပြင်ဆင်ထားတဲ့ အမျိုးသမီးကြီးကကော"

"ဟာ. . . အဲဒါ အမျိုးသမီးစာရေးဆရာတွေထဲမှာ စက်နဲ့လှည့်ထုတ်သလို ရေးအားအင်မတန်ကောင်းတဲ့ စာရေး



ဆရာမ 'မြမြလှိုင်' ဆိုတာပေါ့၊ 'မမကွတ်ကာ' ဆိုတဲ့ ကလောင်နာမည်နာမည်နဲ့ ချက်နည်းပြုတ်နည်းဆောင်းပါးတွေရေးတာ ဖတ်မိတဲ့သူတိုင်း သွားရည်တမြားမြား ကျရတယ်ဆိုပဲ"

"တယ်လည်း လူစုံတက်စုံရှိတဲ့ လေအန်ကုန်း ပါပဲလား နော်"

"သေချာတာပေါ့ပွကြီးရာ၊ ငါဆက်ပြီး ညွှန်ပြဦးမယ်၊ လက်စွပ်တဝင်းဝင်းနဲ့ အိတ်အနက်ကြီးကို ဆွဲဖွင့်နေတဲ့ပုဂ္ဂိုလ်က ဝမ္ဘီရစာရေးဆရာ 'မောင်သွေးရှင့်' တဲ့၊ ကိုယ်ပိုင်စာအုပ်ထုတ်ဝေရေးလည်းရှိတယ်၊ ပြီးတော့ 'မောင်ဉာဏ်ကျယ်' 'အချော့တော်' ဆိုတဲ့ ကလောင်ခွဲတွေနဲ့ ဟာသလုံးချင်းဝတ္ထုတွေ ထုတ်ပြီး အကြီးအကျယ် စီးပွားဖြစ်နေတဲ့သူပေါ့"

"အားကျစရာပါလား ဆရာကြီးရယ်"

"အဲ. . . သူ့ရှေ့က လျှာထိုးဦးထုပ်ဆောင်းထားတဲ့ ခပ်ပိန်ပိန်ပါးပါးပုဂ္ဂိုလ်က သန်လျင်မောင်မောင်ဦး တဲ့ကွ၊ စာပေဟောပြောပွဲရာသီဟာ သူ့ရဲ့ရာသီလို့ တောင်ပြောလို့ရတယ်၊ သူ့ရာသီလာပြီဆိုရင် အိမ်ကို ကပ်ရတယ်မရှိတော့ဘူး၊ နယ်တကာလှည့်ပြီး ဟောပြောပွဲတွေနဲ့ရလွန်းလို့ 'ရွှေပါးစပ်' ဆုတောင် ပေးထားသင့်တဲ့ပုဂ္ဂိုလ်၊ ကွမ်းယာဆိုင်နံဘေးမှာ စာငုံ့ရေးနေတဲ့ ကာတိတ်ကလေးကိုတွေ့လား"

www.burmeseclassic.com



"တွေ့တယ်ဆရာကြီး. . . သူက ဘယ်သူလဲ ဟင်"

"ခနုတ်ကိုကိုဇော်တဲ့၊ လိုင်းပေါင်းစုံရေးတဲ့ ချာတိတ်ပေါ့၊ သူ့ဘေးမှာက စကားလုံးတွေ ပေါက်ပေါက်ဖောက်နေတဲ့ တစ်မျက်နှာဝတ္ထုတိုမှာ နံပါတ်တစ်နေရာယူထားတဲ့ မောင်မြင့်အောင် (ခေါ်) မောင်မိုးဦး၊ သူ့ ရှေ့မှာက လှတပတရှိတဲ့ မော်ဒယ်စာရေးဆရာမလေးတွေကို စင်ပေါ်အတင်းတွန်းတင်ပေးနေတဲ့ ဂန္ထာရီနဲ့ လပြည့်ဝန်းမဂ္ဂဇင်းနှစ်စောင်ရဲ့ တာဝန်ခံအယ်ဒီတာ ဆရာ 'မောင်သာယာ' ဆိုတာလေ"

"အဲ. . အဲသည့်ဆရာကို မတ်တတ်ရပ်ပြီး စကားပြောနေတာဘယ်သူပါလိမ့်၊ သူလွယ်ထားတဲ့ လွယ်အိတ်ကြီးက ဖောင်းကားနေတာပဲ၊ ဘာတွေထည့် ထားသလဲမသိဘူး၊ ရုပ်ကတော့မင်းသားဇော်ဦးလိုလို ဘာလိုလိုနဲ့"

"အဲဒါ. . . အမျိုးသားစာပေဆုရ ဆရာ မောင်ငြိမ်းသူ (ကြို့ပင်ကောက်) ဆိုတာပေါ့၊ မှူခင်း ရှုထောင့်မဂ္ဂဇင်းနဲ့ ဂျာနယ်တွေရဲ့ တာဝန်ခံအယ်ဒီတာပေါ့၊ မုဒိန်းမှုသတင်းတွေဖတ်ချင်ရင် သူ့ဂျာနယ်ကိုရွေးပြီး ဖတ်ကြရတယ်"

"အယ်! တကယ့် နာမည်ကျော်တွေပဲ"

ထိုအချိန်တွင် လွယ်အိတ်တစ်ပတ်နွမ်းကို လွယ်လျက် ဂျပန်ကင်ပေတိုင်ရုပ်ပေါက်နေသော ပုဂ္ဂိုလ်တစ်ဦး ပွဲကြီးတို့ဝိုင်းသို့ဝင်လာသည်။ ထိုအခါ ဆရာကြီးတွံတေးမျက်ပြူးက -

"ဘဝအိုးအိမ် ခဏချိုးနှိမ်မယ့် ဟော. . . 'ဒလဖြိုးထိန်' ပါကလား"

ဟူ၍ ဂန္ထဝင်မြောက် နဘေစကားဖြင့် လောကဝတ်စကားကိုဆိုလိုက်လေရာ အနီဂျပန် ကင်ပေတိုင်ရုပ် ပေါက်နေသော ပုဂ္ဂိုလ်ကား ဝေဖန်ရေးစာပေများသာမက ဆရာလေးကိုသန့်စင်ပြောသလို မော်ဒန်ကဗျာများပါရေးနေသည့် ကဗျာဆရာ ဖြိုးထိန်ဖြစ်မှန်း ပွဲကြီးသဘောပေါက်လိုက်သည်နှင့်အမျှ မော်ဒန်အကြောင်းကို ခြေခြေမြစ်မြစ်သိလိုသဖြင့် ဝမ်းမြောက်ဝမ်း သာဖြစ်သွားရလေသည်။

"ဆရာကြီးကလည်း တွံတေးမျက်ပြူးပီပီ အလွန်အတွေးနက်ကြူးပေသကိုး"

အံ့မယ်. . .။မော်ဒန်ကဗျာဆရာကလည်း အလာသားပါကလား။ သည်လိုမျိုးဂုဏ်ရှိန်ရောင်ဝါကို မြှင့်တင်ပေးလိုက်သည့်အတွက် ဆရာကြီးတွံ့တေး မျက်ပြူးခမျာ ဘဝင်လေဟပ်သွားလိုက်သည့်အ့လား ရင်ကော့ခေါင်းမော့သွားလေ၏။

အမှန်မတော့ ဆရာဖြိုးထိန်က ဂန္ထဝင်ကို အငေါ်တူးနေသူပီပီ ရွဲ့ပြောလိုက်ခြင်းဖြစ်၏။ ဆိုလိုသည်က ဂန္ထဝင်ဆိုသည်မှာ မော်ဒန်လောက်မခက်။ ပါးစပ်ထဲတွေ့ကရာ ကာရန်ချိတ်ဆက်

www.burmeseclassic.com



လိုက်ရုံနှင့် ကဗျာဖြစ်ပါသည်ဆိုသည့်သဘော။

တကယ်လည်း ဆရာကြီးတွံတေးမျက်ပြူးက ဂန္ထဘက် 'ယိမ်း'၍ ဆရာဖြိုးထိန်က မော်ဒန်ဘက် 'လဲ' ကျသည်။

"ဆရာကြီးတို့ ဂန္ထဝင်သမားတွေဟာ တော်တော်လေး ခက်တယ်၊ ဟိုဝေ့သည်ဝိုက်နဲ့ ကာရန်တွေ နဘေတွေကို လက်လွှတ်မခံနိုင်တာကြောင့် လိုရင်းကို မရောက်တော့ဘူး၊ ခေတ်နောက်ပြန်ဆွဲတယ်ဆိုတာ ဒါမျိုးကိုခေါ်တာပေါ့။ ကဗျာမှာ နိမိတ်ပုံတို့ သင်္ကေတတို့ဟာ သိပ်ကိုအရေးကြီးတယ်၊ ဂန္ထဝင်ဖြစ်တဲ့ ကဗျာတွေမှာ ကာရန်ဆိုတာဟာ တကယ့်ကို ခလုတ်ကန်သင်းပဲ၊ ကာရန်ကိုအသည်းအသန်ဂရုစိုက်လွန်းတော့ မူလပြောလိုတာတွေဟာ လိုရင်းကိုမရောက်အောင်ပျက်ရော ပြီးတော့. . . သံတိုတွေ၊ သံရှည်တွေ၊ ဂရုတွေ လဟုတွေ ဘာမှန်းကိုမသိတော့ဘူး၊ သည်တော့ ကာရန်ဆိုတာကြီးကို ရိုက်ချိုးသင့်ရင် ရိုက်ချိုးပစ်ဖို့လိုတယ်"

"အဲသလိုတော့ ဂန္ထဝင်အပေါ်ကို မှိုချိုးမျှစ်ချိုး မပြောပါနဲ့ ဖြိုးထိန်ရာ. . . 'လူမှာအမျိုး ကြက်မှာအရိုး' တဲ့၊ တို့ဟာ မြန်မာပြည်ဖွားတိုင်းရင်းသားတွေ၊ မြန်မာဆိုရင်မြန်မာပီရမယ်၊ မြန်မာစာပေဆိုရင် မြန်မာရနံ့တွေ သင်းထုံနေရမယ်၊ သူ့စည်းသူ့ကမ်းရှိရမယ်၊ မြန်မာကဗျာမှာ ကာရန်ဟာအသက်ပဲဖြိုးထိန်



ရ၊ မသေမချင်းမှတ်ထား"

"အဲဒါကြောင့် ကျွန်တော်တို့မြန်မာစာပေ၊ အထူးသဖြင့် မြန်မာကဗျာရဲ့ အရည်အသွေးဟာ တိုးတက်သင့်သလောက် မတိုးတက်တာဘဲ၊ အသံတူ၊ အသတ်တူရလေအောင် ကာရန်တွေကို အတင်းကာရော လိုက်ညှိနေမယ့်အစား ရစ်သမ်ဆိုတဲ့ နရီ အတိုင်းရေးနိုင်ရင် အများကြီးတိုးတက်လိမ့်မယ် ဆရာကြီး၊ ခေတ်နဲ့အညီ ရင်ဘောင်တန်းနိုင်အောင် ကာရန်ကိုစွန့်ပစ်ပြီး ရစ်သမ်ဘက်ကိုလှည့်ဖို့ ပြောနေတာ"

"ဟော့ကောင် ဖြိုးထိန်၊ ရစ်သမ်. . ရစ်သမ်နဲ့ မင်းရဲ့ဘို စကားလုံးဟာ လျှာသိပ်လိပ်တယ်ကွာ၊ အေး. . . မင်းပြောတဲ့ ရစ်သန်နဲ့ ကဗျာတစ်ပုဒ်ကို လက်တန်းစပ်နိုင်မလား"

"ပျင်းတောင်ပျင်းသေးတယ်. . ဆရာကြီး"

"ဒါဆိုလည်း လုပ်လိုက်လေ. . . အကြော်နဲ့နှစ်ပွဲ"

ဆရာကြီးနှင့် ဆရာဖြိုးထိန်ကား အတိုင် အဖောက်ညီနေကြလေပြီ။ ပွဲကြီးအဖို့ ဆရာဖြိုးထိန်ထံမှ လက်တန်းမော်ဒန်ကဗျာတစ်ပုဒ်အား နားဆင်ရလေတော့မည်မို့ ပညာဆည်းပူးရန် အသာကလေး ငြိမ်ကုပ်၍ နားစိုက်မိတော့၏။ စိတ်ထဲမှာလည်း မော်ဒန်အပေါ် အတော်ကြီးစိတ်ဝင်စားမိသည့်အမျှ မော်ဒန်၏ ဒမ်းစားခြင်းကို မသိမသာခံလိုက်ရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း. . . အဟမ်း ကိုင်း ကျွန်တော် လက်တန်း ကဗျာရွတ်ပြတော့မယ် နားထောင်နော်. . . နားထောင်"

သို့ကလို ခြသေ့်မာန်ဟုန်ဖြင့် ကြုံးဝါးရင်း အားနှင့်မာန်နှင့် ရင်ဘတ်ကြီးကို ဖွင့်လိုက်လေ၏။



'ကျဲပါးလှတဲ့ ဆံပင်နဲ့
စပါကလင်ကို မမက်
ဒလဘက်က ရန်ကုန်ကူး
ဘီးလူး သရဲကို မကြောက်
တောက်!
ချိုးနှိမ်ဖို့ မကြိုးစားကြပါနဲ့
ဖိုးထိန်ဆိုတဲ့ ဟောဒီမောင်ဟာ
ဆာလောင်ရင် ရေနွေးကြမ်းသောက်လို့
ပေါက်ကွဲရင် ထန်းလျက်ခဲစားတယ်...။'

www.burmeseclassic.com

www.burmeseclassic.com



ပွဲကြီးရင်ထဲ အတော်ကလေးကို ခိုက်သွားခဲ့၏။

ခိုက်သွားခဲ့သည်နှင့်အမျှ ဆရာဖြိုးထိန် အပေါ်၌လည်း အဆမတန်အထင်ကြီး လေးစား သွားခဲ့လေရကား စားပွဲထိုးကောင်လေးကိုလှမ်းခေါ်၍ လက်ဖက်ရည်တစ်အိုး မှာလိုက်သည်။

"စီးကရက်သောက်ဦးမလား. . . ဆရာ"

"နိုး နိုး၊ ကိုယ်က စီးကရက်ခရေဇီမဟုတ်ဘူး၊ လက်ဖက်ရည်ခရေဇီ၊ ခုလို လက်ဖက်ရည်မှာပေးတဲ့အတွက် သိုင်းခရူ"

ဆရာဖြိုးထိန်လည်း လက်ဖက်ရည်ကို အားပါးတရ ငုံ၍ ကျိုက်လိုက်သည်။ ပြီးတော့ မော်ဒန်ကဗျာကို ပြန်ဆက်သည်။



/

- အမြီးပြတ်အိမ်မြှောင်ရဲ့အဆင့်အတန်း
အိုင်တွေပက်
ကန်တွေပက်ပြီး ငါးတွေစမ်းသလိုမျိုး
အလှမ်းပြေ အချမ်းပြေ မီးလုံ့မပြုနဲ့
ငါးပိမှန်ရင်တော့...
ဖဗ္ဗုတစ်ခွင်သိတဲ့
မအူပင် ငပိဖြစ်ဖြစ်
ကားမရောက်တရောက်အထိ
ငါးဘာလောက်သော ငပိဖြစ်ဖြစ်
အလှမကြည့် အချစ်
ဒလငပိ ဖြစ်ဖြစ်
နံတာဟာ နံတာပါပဲကွယ်...။

www.burmeseclassic.com

www.burmeseclassic.com

ဒါလည်း အင်မတန် အသည်းခိုက်လောက်သည့် စာသားများ။

ပွဲကြီးအဖို့ မော်ဒန်ဆရာဖြိုးထိန်အပေါ် အကြိမ်ကြိမ်ညွှတ်တွားမိမတတ် လေးစားသွားခဲ့ရပြန်သည်။ ဟော. . ကဗျာဆက်ရွတ်ပြန်ပါပြီ။



– ကြာခြည်ယံလား
'အာဗီရမ်' လား
ခါလီ ပြန်မလား
နာရီသံပတ်ကိုနှိုးရင်း
အာနိုးလို ဗလကောင်းမှ
ရေတ်သီး ထထောင်းပါ...။

www.burmeseclassic.com

www.burmeseclassic.com



ဟိုက်. . . ရှား။ ကဗျာရှိန်က တရိပ်ရိပ်တက် လာသည်။ ရွတ်သူက ဌာန်မာန်တွေပါသလောက်၊ ဂန္ထဝင်ဆရာကြီးမှာတော့ နှာခေါင်းတရှုံ့ရှုံ့။ ဆရာကြီးအနေအထားက မည်သို့ဖြစ်စေကာမူ ပွဲကြီးရင်ထဲမှာ တော့ မော်ဒန်မှမော်ဒန်ဖြစ်ကာ 'တစ်ဒန်တည်း ဒန်' ၍ နေလေသတတ်။

"ကျွန်တော့်မော်ဒန်ကဗျာက မဆုံးသေးဘူး။ နောက်ဆုံး တစ်ပိုဒ်ကျန်ဦးမယ်. . .။ အဲဒါနဲ့ပွဲသိမ်း ရမယ်. . ."

ထိုသို့ပြောဆိုပြီးနောက် ဆရာဖြူးထိန်လည်း လက်ဘက်ရည်ခွက်ကို မ,ကာ ကျိုက်လိုက်ပြန်၏။

"အဟမ်း. . . ဟမ်း. . . ကိုင်း လာပြီ"



၄

'သူများအတွက်တော့
ကြွက်သတ်ဆေးဟာ...
ကိုယ့်အတွက်တော့...
အရက်ဖြတ်ဆေးပါပဲ။
အပျိုကလေးရဲ့မဟာအလှ
ချိုသွေးတဲ့ မာန
မလက်တို့ချောင်းမှာ ခဝါချ
ပဲပြုတ်နဲ့ နံပြားဆိုတာ
ဆီ...ဆားပါရင် ကောင်းတာပါပဲ...'

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ပြီးပြီ၊ ဘယ်ကလောက် အဖိအဖော့၊ အလျော့အတင်း လွှတ်လှတဲ့ မော်ဒန်လဲလို့..။ ကနေ့... လူငယ်လေးတွေ ဟာစ်ကြွေးနေတဲ့ ဟာစ်ဟော့တို့၊ ပေါ့ပ်တို့၊ ရော့ခ် တို့ဆိုတာ ပေါက်ကွဲသံစဉ်အဖြစ် ပေါ်ထွက်လာတဲ့ မော်ဒန်ကဗျာတွေပါပဲ"

"ဟာ.... ကောင်းလိုက်တဲ့အယူအဆ၊ သိပ်လှတဲ့ သုံး သပ်ချက်တွေပါလား... ဆရာဖြိုးထိန်၊ ကျွန်တော်ဆရာ့ကို လွှတ်လေးစားသွားပြီ။ အားလည်း ကျသွားပြီ။ သည်တော့... ကနေ့ကစပြီး ဆရာ့ဆီမှာ တပည့်ခံပါရစေ။ ဆရာ့ကို နေ့တိုင်း လက်ဖက်ရည် ဒကာခံပါရစေ"

မော်ဒန်နတ်၏ ဖမ်းစားခြင်းခံရမှုကြောင့် ပွကြီးအဖို့ ငါးစိမ်းမြင်၍ ငါးကင်ပစ်သည် မမှတ်သော်ငြား...၊ ဂန္ထဝင်ဆရာကြီးတွံ့တေးမျက်ပြူးအား လစ်လျူရှုသလိုဖြစ်သွားမိလေသည်။ သည့်အတွက် ဆရာကြီးလည်း အကြီးအကျယ် ကျွဲမြီးတိုကာ နေရာမှ ထွက်သွားလေတော့၏။

"ဘယ်သွားမှာလဲ ဆရာကြီး"

"ဘယ်သွားသွားကွာ၊ မင်းတို့အပူ နှစ်ပြားသားမှ မပါဘူး"

"တောက်!... မော်ဒန်အဆိပ် ငယ်ထိပ်တက်နေတာ



ဟာတွေ"

ဘယ်သို့မှစကားမရ၍ ပွကြီးလည်း အသာငြိမ်ကုပ်နေလိုက်ရ၏။

"အဲဒါပဲကွ...ရှေးဟောင်း ဂန္ထဝင်အိုကြီးတွေ ဆိုတာ အင်မတန်ကို ငါစွဲကြီးတယ်။ တိုးတက်နေတဲ့ခေတ်ကြီးကို အမှီမလိုက်ချင်ကြဘူး။ ခေတ်အမြင် ခေတ်အတွေး ဘာမှမရှိကဲ့ ကဗျာမီးကျိုးမောင်းပျက်တွေ..."

သည်စကားလုံးတွေကိုလည်း ပွကြီး ကြိုက်သွားပြန်ပါပြီ။

စင်စစ်...မော်ဒန်ဟူသည် ကြွကြွရွရွနှင့် အတော်ကလေးကို အသည်းခိုက်စရာကောင်း လှပါချေ တကား။

"နေစမ်းပါဦးကွ ...မင်းက ... ငါ့ဆီမှာ မော်ဒန်ကဗျာရေးသင်ချင်တယ်...ဟုတ်လား..."

"ဟုတ်ပါတယ်...ဆရာဖြိုးထိန်။ ကြားနာ ဖတ်ရှုရသူတိုင်း ရင်ထဲထိရှသွားစေမယ့်... ဆရာ့လို မော်ဒန်ကဗျာတွေရေးတတ်ချင်ပါတယ်..."

"ရေးချင်ရင်...ရေးပေါ့ကွ..."

"ကျွန်တော်မှ မရေးတတ်သေးတာပဲ ဆရာရယ်"

"ဟဲ့... ဘာခက်တာမှတ်လို့ကွာ။ ရေးချင်ရာ ရေး

www.burmeseclassic.com



လိုက်စမ်းပါ။ ရေးသမျှဟာ. . . ကဗျာပါပဲ။ မော်ဒန်ဖြစ်ချင်ရင် လူနားမလည်တဲ့ စကားလုံးတွေ၊ အဓိပ္ပါယ် မပေါက်နိုင်တဲ့ အကြောင်းအရာတွေကို ရွေးချယ်ပြီးရေးကွ. . . အဲဒါ မော်ဒန်ပဲ. . . ”

“ဗျာ. . . အဲဒါမော်ဒန်! ဟုတ်လား. . . ”

“ဟုတ်တယ်၊ ငါပြောရင် ယုံလိုက်စမ်းပါကွာ. . . ။ ဒါ ထက်မင့်နာမည် ဘယ်သူ. . . ”

“ပွဲကြီးပါ. . . ဆရာ၊ ပွဲကြီးပါ. . . ”

“ဟေ. . . ဒါဆို ‘ဂန္ထဝင်’ကိုစွန့်ပြီး၊ ‘မော်ဒန်’ ဘက်ကူးလာမယ့် ပွဲကြီး”

“ဟုတ်ပါတယ် ဆရာ. . . ”

“ဒါကြောင့် မင်းဟာ ခုချိန်ကစပြီး ‘မော်ဒန် ပွဲကြီး’ ဖြစ်သွားပြီကွ. . . ‘မော်ဒန်ပွဲကြီး’ ဖြစ်သွားပြီ. . ”

“ဟုတ်တယ်. . . ဟုတ်တယ်. . . ”

ပွဲကြီးတဖြစ်လဲ မော်ဒန်ပွဲကြီးအဖို့ လက်ပန်းပေါက်ခတ်ချင်လောက်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါတော့သတည်း။

♣ ♣ ♣

**ပွဲကြီးဆာဝံယောက်** ရန်ကုန်မြေကို ခင်တွယ်မိလေပြီ။

သူ့ဇာတိရပ်ရွာ ရွှေကညင်ပင်ကိုလည်းကောင်း၊ ကျွေး ခင် ဟာလဝါဦးဝင်းမောင်နှင့် မွေးမိခင် နတ်ကတော် ဒေါ်ငြိမ်း ူ တို့ကိုလည်းကောင်း သတိ တွေမရတစ်ချက်၊ ရတစ်ချက်။

မိဘတွေကတော့ ရန်ကုန်မြေရှိ သူ့ဘကြီးထံ၌ အစေ ာရာ အဆင်ပြေချောမွေ့ကာ ပွဲကြီးဘဝ တိုးတက်မြင့်မား

www.burmeseclassic.com



သွားမည်ဆိုလျှင် ကျေနပ်မည်သာဖြစ်သည်။ ပွကြီးအဖို့ မော်ဒန် ဖြိုးထိန်ကို ဆရာတင်လျက် 'မော်ဒန်ပွကြီး' အဖြစ် မော်ဒန် ကဗျာတွေ ရေးစပ်ရင်း. . . မဂ္ဂဇင်းစာမျက်နှာအချို့၌ ဖော်ပြ ခြင်းခံရသော မော်ဒန်ကလောင်ရှင်တစ်ဦး ဖြစ်နေလေပြီ။

တစ်လမှာတော့ မဂ္ဂဇင်းတစ်အုပ်၌ သူ့မော်ဒန်ကဗျာတစ် ပုဒ်ပါလာလေ၏။ ပုံနှိပ်စာလုံးဖြစ်လာသော သူ့ကဗျာကို သူဖတ် ၍ ကြည်နူးပီတိစိတ် ဖြစ်ရသည်ကလည်း တားမနိုင် ဆီးမရ။

ဘကြီးနှင့် ကြီးမေတို့ကတော့ သူတို့တူ ပျော်ရွှင်နေမှု အတွက် ကျေနပ်ကြပါ၏။ သို့ပါသော်ငြား. . .

"လူလေးပွကြီးရေ မင်းရေးတဲ့ကဗျာက ဘာတွေဆိုလို မှန်း မသိဘူးကွယ်. . . ဘကြီးတို့ ဉာဏ်မမှီလို့ဖြစ်မှာပဲ"

"သေချာတာပေါ့ ဘကြီးရယ်၊ ကျွန်တော်ရေးတာတွေဟာ ရှေးရိုးစွဲတွေမဟုတ်ဘူး။ တကယ့်ကို ခေတ်နဲ့အမီ ထပ်ကြပ်မကွာ လိုက်နေတဲ့ မော်ဒန်ခင်ဗျ၊ မော်ဒန် မော်ဒန်။ ကျွန်တော်ဟာ သာမန်ပွကြီးမဟုတ်တော့ဘူး ခင်ဗျ။ မော်ဒန်ပွကြီး မော်ဒန်ပွကြီး ဟီး. . . ဟီး. . . ဟီး. . ."

ဘကြီးနှင့်ကြီးမေတို့ ခေါင်းကိုယ်စီကုတ်ရင်း ပြန်ထွက် သွားကြတော့ ပွကြီးလည်း သူ့မော်ဒန်ကဗျာကို ပြန်လည်ခံစား လိုက်သည်။



ဒေါက်ဖိနပ်ချွန်ချွန်ဖြင့် စကတ်ကွဲတွေကြား
ရောင်စုံမော်ဒယ်လ်များစွာ
ငါ. . .ရင်မခုန်ခဲ့ပေမဲ့
ပုံပြောကောင်းတဲ့မင်းကျမှ
ဘာကြောင့်ရင်ခုန်မိပါသလဲ. . .ချစ်သူ။
ပန်းမပျိုးပဲ
ပန်းချိုးတဲ့ဓာတ်ရုပ်ဟာ
အကာယ်ဒမီ ရချင်မှရမယ်. . .။

အဲသည်မှာ
အာပြဲခြောက် အရွယ်အစား
နှလုံးသားတွေကြမ်းရှ
အနိစ္စ၊ ဒုက္ခ၊ အနတ္တ
လောကကို တိုင်တည်လို့
မုန်တိုင်းကျဦးမယ် သေချာခဲ့ရင်
တစ်နာရီ (၁၅၀၀) မိုင်နှုန်းနဲ့
မင့်နှလုံးသား ပျက်သုန်းအောင်
သိမ်းကြုံးတိုက်လိုက်ချင်ရဲ့. . .ချစ်သူ။

www.burmeseclassic.com

www.burmeseclassic.com



သည်မဂ္ဂဇင်းတစ်အုပ်လုံးရှိ စာတွေကဗျာတွေ အနက် သူ့စာသူ့ကဗျာသာလျှင် အကောင်းဆုံး အသာဆုံး၊ သို့ဖြစ်၍လည်း အင်မတန်တော်သော အယ်ဒီတာက ရွေးချယ်အသုံးပြုလိုက်ခြင်းပဲ ဖြစ်ချိမ့်မည်။ တစ်ခေါက်ဖတ်လည်းမဝ. . .။ နှစ်ခေါက်ဖတ်လည်း. . . မဝ။ နောက်ဆုံးမှပင် စာအုပ်ကို ပိတ်လိုက်သည်။

"အဲ. . . မျက်နှာဖုံးရှင်က တော်တော်လှတဲ့မိန်းကလေး ပါလား. . .။ နေပါဦး. . . နာမည်က. . ."

မေးစင်းသွားသော မျက်လုံးတို့ ပြန်လည်ပြူးကျယ်သွားသည်။

မျက်နှာဖုံးရှင်က တော်တော်လှသည်။

ထိုရင်ခုန်မှုသည် နှလုံးသားမှ ပေါက်ဖွားလာသော ရင်ခုန်မှုစစ်စစ်။

ထို့ကြောင့် 'ကာဗာစတိုရီ' ကို စာအုပ်တွင် ရှာလိုက်သည်။ ဟော. . . တွေ့ပါပြီကော။ 'ယွန်းရတီဦး' တဲ့. . .။ လိပ်စာလည်းပါသည်။ ခန္ဓာကိုယ်အချိုးအစား လည်းပါသည်။ အချိုးအစားအတိုင်းအထွာကို မျက်စိထဲမြင်ကြည့်တော့ ပွကြီးအဖို့ တံတွေးတွေ တဂွပ်ဂွပ်မျိုချမိသည်အထိ။

လိပ်စာလည်းပါတယ်ဆိုတော့ မိတ်ဆက်စာ လှမ်းရေး



ကြည့်ရင်ကောင်းမယ်။ အဲ. . . ရိုးရိုးရေး လို့တော့ မဖြစ်ဘူး၊ သူစိမ်းယောက်ျားလေးက ရေးရင် ရုတ်တရက် စာပြန်ချင်မှ ပြန်မယ်။ လုံးဝ မပြန်ချင်လည်း မပြန်နိုင်ဘူး။ ဒီတော့ ငါ့ကိုငါ မိန်းကလေးနာမည်သုံးပြီး ရေးရင်တော့ မိန်းမချင်းဆိုပြီး စာပြန်မှာ ဧကန်ပဲ"

သည်နောက်မှာတော့ ဖုန်းကညာတစ်ပါး လုံးရာမှပြားလိုက်ရင်း မော်ဒန်ပွကြီးအဖြစ်မှ 'သွယ် သွယ်' ဟူသောအမည်သို့ ပြောင်းလဲပြီး စာမျက်နှာထက် ဘောလ်ပင်တင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမ. . . ယွန်းရတီဦး. . . ရှင့် . . .။

'ရွှေပဒုမ္မာ-မဂ္ဂဇင်း' ရဲ့မျက်ဖုံးမှာ မမရဲ့လှပကြော့ရှင်းတဲ့ အလှရုပ်လွှာလေးကိုမြင်ပြီး ညီမလေးရဲ့ ရင်ထဲမှာ ကိုယ့်ရဲ့ မမအရင်းခြာလို ချစ်စိတ်တွေပေါ်လာတာမို့ ခုလိုမိတ်ဆက် စာရေးလိုက်တာပါ. . . မမရယ်။

မမကို 'မမယွန်း' လို့ခေါ်ပါရစေနော်။

ညီမလေးရဲ့လိပ်စာကိုလည်း ရေးပေး လိုက်ပါမယ်။ ညီမလေးလေ. . . မမလိုမချောဘူး။ မမက သိပ်ချော, သိပ် လှတာပဲ. . .။ သိပ်ချောသိပ်လှတာနှင့်အမျှ စိတ်သဘောလည်း ဖြူစင်လိမ့်မယ်လို့ ထင်တယ်။ သိပ်ချစ်ရတဲ့ ညီမလေးက သိပ် ချစ်မိတဲ့ မမယွန်းကို ခုလိုမိတ်ဆက်တဲ့အပေါ် ခင်မင်မှုတွေ တုန့်ပြန်ပြီး ပြန်စာလေးရေးလိမ့်မယ်လို့ မျှော်လင့်ရတာပဲ။

ဘယ်လိုလဲ. . . မမယွန်း. . .။

သွယ်သွယ်ဆီ စာပြန်ရေးမယ်မဟုတ် လားဟင်။

ညီမလေး လည်တိုင်ကျိုးပါစေ. . . အမျှော်လင့်ကြီး မျှော်လင့်နေမယ်နော်. . ."

သည်လိုမျိုး တစ်ဖက်သားကျလောက်သည့် ဝေါဟာရ စကားလုံးများကို မော်ဒန်ကျကျ ရေးသားပြီးနောက်. . . ရပ်ကွက်အတွင်း စာလိုက်ဝေသော စာပို့ လုလင်ကို စည်းရုံးရ လေသည်။

"ညီလေးရေ. . . သွယ်သွယ်ဆိုတဲ့နာမည်နဲ့ အစ်ကိုတို့ အိမ်ကိုစာလာရင် အစ်ကို့လက်ထဲကိုပဲထည့်နော်. . .။ အစ်ကို

www.burmeseclassic.com



မင်းကို လက်ဖက်ရည်ဖိုး ပေးပါ့မယ်. . .။ အခုလည်း သည်စာကို အမြန်ဆုံးရောက်အောင်ထည့်ကွာ။ လာ. . . လက်ဖက်ရည်ဆိုင် သွားကြရအောင်”

သည်လိုမျိုး စာပို့လုလင်လေးကို အပီအပြင်စည်းရုံးလိုက်တော့လည်း အိုကေသွားသည်။

သို့ရာတွင် ပြန်စာကား တော်တော်နှင့်မလာ။

မလာသည့်ကာလမှာပင် သွယ်သွယ်ဆိုသော သူ့ထံမှ စာနှစ်စောင်တောင် ရေးပို့ဖြစ်ပြန်သည်။

တစ်လနီးပါးကြာသည်အထိ တုံ့ပြန်စာလွှာ ရောက်မလာလေတော့ ပွကြီးအဖို့ စိတ်ဓာတ်တွေ ကျချင်သလိုလို. . .။

သို့သော်. . . သို့သော်. . . မမျှော်လင့်ပဲ ပြန်စာရလာသည်။

ပျော်လိုက်သည့်ဖြစ်ခြင်း။

ပွကြီးရင်တွေ တဒိုးဒိုးခုန်သွားသည်။ သို့ဖြစ်၍လည်း စာအိတ်ကလေးကို ရွရွလေးကိုင်ကာ ဖွင့်ဖောက်လိုက်သည်။



/

*“ညီမလေး. . . သွယ်သွယ်။*

*မမယွန်းလည်း. . . “ညီမလေးသွယ်ရဲ့ စာတွေဖတ်ရလို့. . စာပြန်မလို့ပါပဲ။ သင်တန်းတွေနဲ့ မအားဖြစ်နေလို့ ခုမှ စာပြန်ရေးလိုက်နိုင်တာကို ခွင့်လွှတ်ပါကွယ်။*

*ညီမလေးသွယ်က မမယွန်းကို ချစ်သတဲ့လား။*

*မမယွန်းကလည်းလေ. . ညီမလေးသွယ်ရဲ့ လက်ရေးလေးတွေမြင်ရကတည်းက တကယ် တော်လေးဝင် မိန်းကလေး ဖြစ်မယ်လို့ ယူဆပါတယ်ကွယ်”*

www.burmeseclassic.com

www.burmeseclassic.com



စာကိုဖတ်ရင်း . . ပွကြီးတွန့်ခနဲ ဖြစ်သွားရလေသည်။ ကျောထဲက စိမ့်သလိုလို၊ ခြေသလုံးထဲက ယားသလိုလို . . ။

*"ညီမလေးသွယ်က မမယွန်းကို ချစ်တယ်လို့ဆိုလာလေတော့ မမယွန်းကလည်း . . . ညီမလေး သွယ်ကို မချစ်ဘဲနေမှာတဲ့လား . . ။ကိုယ့်မိန်းမချင်း ညီအမချင်းတွေပဲ ဥစ္စာ ချစ်တာမှ သိပ်ချစ်တာပေါ့။ မမရဲ့ပုံကို မဂ္ဂဇင်းအဖုံးမှာမြင်ပြီးပြီ ဆိုတော့ မမယွန်းကလည်း ညီမလေးသွယ်ရဲ့ ဓါတ်ပုံကို မြင်ချင်ပါတယ်။*

*ကိုယ့်ညီမလေး ဘယ်လောက်လှသလဲ ဆိုတာအကဲခတ်လို့ရတာပေါ့ကွယ်။ ဒီတစ်ခါ မမယွန်းဆီစာရေးရင် ညီမလေးသွယ်ရဲ့ ဓါတ်ပုံကိုထည့်ပေးဖို့ မမေ့ပါနဲ့ . . မမယွန်း မျှော်နေမယ်နော် . . "*

ပွကြီးအဖို့ ဓါတ်ပုံပြန်ထည့်ပေးဖို့ ကိစ္စအတွက် ခေါင်းတော့နည်းနည်းစားသွားရလေသည်။

"ဟာ မတက်နိုင်ဘူး . . .

ဓါတ်ပုံကိစ္စကိုတော့ . . .

အချိန်ဆွဲထားရမှာပဲ . . "

သို့ဖြင့် ကလီကမာ အလီပလာစာတွေ အပြန်အလှန်

www.burmeseclassic.com

www.burmeseclassic.com



ရေးကြရင်း မကြာမတင်ကာလမှာပင် 'ချစ်မမ၊ ချစ်ညီမ' များဖြစ် သွားကြလေသတည်း။

♣ ♣ ♣

**တာဝန်...**နေ့လယ်ခင်း။

"လူလေးရေ. . . ဘကြီးနဲ့မင်းကြီးမေတို့ ပါရမီက ဦးဘတွေးတို့ဆီ ကိစ္စကလေးတစ်ခုရှိလို့ သွားဦးမယ်ဟေ့. . . ဒီပ်မကြာပါဘူး နှစ်နာရီကျော် သုံးနာရီလောက်ဆို ပြန်ရောက် ပါ။

"စိတ်အေးအေးသာသွားပါ ဘကြီးရယ်၊ ဆည်တနေ့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဘယ်မှ မသွားပါဘူး စာရေးစာဖတ်ပဲ လုပ်နေမှာပါ"

သို့ဖြင့် ဘကြီးနှင့်ကြီးကြီးတို့ ထွက်သွားကြလေသော် ပွကြီးလည်း ဧည့်ခန်း၌ သတင်းစာကိုဖတ်နေလေသည်။ ထိုစဉ် ခြံဝမှ အသံတစ်သံ ပေါ်ထွက်လာသည်။

"ဒီမှာ. . . ဒီမှာရှင့်. . . ဒီအိမ်က. . . သွယ်သွယ်တို့ အိမ်ပါလား"

ချိုမြလွင်စာသောအသံကြောင့် ပွကြီးလည်း သတင်းစာကိုချကာ အိမ်ဝထွက်ခဲ့သည်။

"ဟိုက်. . . ခွပဲ. . . ဒါ. . . ဒါ. . . ယွန်း. . ယွန်းရတီဦး. "

မဂ္ဂဇင်းမျက်နှာဖုံးမှာ သေသေချာချာ မြင်ထားပြီးပြီမို့ ယွန်းရတီဦးမှန်းသိလိုက်သည်။ ခပ်ချောချော ခပ်လှလှ၊ ကိုယ်လုံးကိုယ်ပေါက်က တောင့်တောင့်ဖြောင့်ဖြောင့် ပွကြီးနည်းနည်းတော့ အကြွပ်ရိုက်သွား၏။ "ဘာလုပ်ရရင်ကောင်းမလဲ. . ' ဟု စဉ်းစားလိုက်၏။ ထိုစဉ်မှာပင် ခေါင်းထဲလက်ခနဲ အကြံတစ်ခု ရသွား၏။

"ဟာ. . ဟုတ်. . ဟုတ်ပါတယ်။ ဒါ. . . သွယ်သွယ်တို့ အိမ်ပါပဲ။ လာပါခင်ဗျာ. . လာပါ. . ဝင်ပါ. . ဝင်လာခဲ့ပါ"



ပွကြီး၏ ဖိတ်ခေါ်မှုကြောင့် ယွန်းရတီဦးလည်း ဆင်မယဉ်သာ အသွင်မျိုးဖြင့် ခြံတံခါးကို တွန်းဖွင့်လျက် ခပ်နွဲ့နွဲ့ကလေးဝင်လာခဲ့လေသည်။ အိမ်ဝရောက် လေသော်. .

"သွယ်သွယ်. . မရှိဘူးလား. . "

"အဲ့. . မ. . မရှိ. . "

"ဘယ်ကိုများ သွားတာပါလိမ့်"

"ဟို. . . ဟိုလေ. . . ဟိုဒင်း. . . ဒီဟာ. . အတှာ"

"ဘယ်လိုဖြစ်တာလဲ၊ ကျွန်မမေးတာ ရှင်းရှင်းလေး"

"ဟုတ်ပါတယ်. . . သွယ်သွယ်. . . ဖေဖေတို့နဲ့ ရုပ်ရှင်သွားကြည့်ပါတယ်။ မကြာပါဘူး. . . ပြန်လာမှာပါ. . ထိုင်. . ထိုင်ပါ ဦးနော်. . "

ပြောမိပြောရာ စကားများကို အထစ်ထစ်အငေါ့ငေါ့ ပြောရင်း ထွက်ပြေးရမလိုလို၊ ထိုင်ရမလိုလို ၊ထရမလိုလို. . ဂဏှာမငြိမ်ဖြစ်နေလေ၏။

"ရှင်ဘယ်လိုဖြစ်နေတာလဲ. . . ဣန္ဒြေ မရဘူး. . "

"ဟာ. . . ဘယ်လိုမှ မဖြစ်ရပါဘူးဗျာ။ ဆက်တီမှာ ထိုင်ပါဦး၊ သတင်းစာဖတ်ပါ။ မဂ္ဂဇင်းတွေလည်းရှိပါတယ်။ ကျွန်တော်. . . မယွန်းရတီဦးအတွက် ကော်ဖီဖျော်လိုက်ပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ရှင် ကျွန်မနာမည်ကို သိနေတယ် ဟုတ်လား"

"ဟုတ်ကဲ့သိပါတယ်. . . ကျွန်တော့်ကဗျာ ပါတဲ့ စာအုပ်အဖုံးက မျက်နှာဖုံးရှင်ဟာ မယွန်းရတီဦးပဲဟာ. . . အဲသည့် အဖုံးကိုကြည့်ပြီး ကျွန်တော့် ညီမလေးသွယ်သွယ်က မယွန်းရတီဦးနဲ့ ဆက်သွယ်တာဖြစ်မယ်။ ညီမလေးက အဲ သည်မျက်နှာဖုံးကို ကြည့်ပြီး သဘောကျနေတာခင်ဗျ. . ."

ပိပိရိရိသေသေသပ်သပ် ဖုံးဖိပြောဆိုနိုင်ခဲ့သဖြင့် ယွန်း ရတီဦးကိုကြည့်ရသူမှာ ဘဝင်ကျသွားသလို ဖြစ်ရသည်။

"ဒါထက်. . . ရှင်က. . . ကဗျာရေးတယ်ဆိုတော့ ကလောင်နာမည်က ဘာတဲ့လဲ. .။ကျွန်မက ကဗျာမရေး တတ်ပေမယ့် ကဗျာတော့ဖတ်တာ ဝါသနာပါတယ်. ."

"ဟာ. . . ကောင်းတာပေါ့ဗျာ. . . ကျွန်တော်က မော်ဒန်ကဗျာတွေရေးတဲ့ ကဗျာဆရာဗျ။ နာမည်က မော်ဒန် ပွကြီး. . . တဲ့. ."

"ဩော်. . မော်ဒန်ပွကြီးဆိုတာရှင်ကိုး. ."

ယွန်းရတီဦးက ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ ပွကြီးလည်း မီးဖိုချောင်ထဲဝင်သွားကာ မဖျော်တတ်ဖျော်တတ်နဲ့ ကော်ဖီဖျော်လိုက်သည်။ ထိုစဉ် ပုလင်းတစ်ခုထဲမှ ကနခိုမှုန့်ကို ကော်ဖီမှုန့်ထင်ကာ ကော်ဖီမစ်ထဲ နည်းနည်းထည့်လိုက်မိ၏။



သည်နောက် ဘီစကစ်မုန့်များနှင့် အတူဧည့်ခန်းသို့ ပြန်ထွက် လာကာ ဧည့်ခံလေ၏။ ယွန်းရတီဦးလည်း ခပ်ဆာဆာရှိသည်နှင့် ဘီစကစ် မုန့်ချပ်များစားကာ ကော်ဖီတစ်ခွက်လုံးကုန်အောင် သောက်လိုက်မိလေသည်။

ဤအချိန်တွင် ပွကြီး၏ဦးနှောက်ထဲ အတွေးတို့က ယောက်ယက်ခတ်နေလေ၏။ ဘကြီးနှင့်ကြီးကြီးတို့ရှိရာ လိုက် သွားပြီး အကျိုးအကြောင်းတို့အား ကြိုပြောထားရလျှင်ကောင်း မည်လော။ ဧည့်သည်ကို သည်အတိုင်းကြီးထားပြီး ထွက်သွား လျှင်လည်း. . . မကောင်း။

အဖြစ်မှန်ကို ကာယကံရှင်အား ရှင်းပြလိုက်လျှင် ကော။

ဒါဆိုရင်ဖြင့် သူ့ရင်ထဲချစ်ခင် စွဲလမ်းနေမိပြီဖြစ်သော ယွန်းရတီဦးသည် အကြီးအကျယ် စိတ်ဆိုး ဒေါပွကာ အမုန်းကြီး မုန်းသွားမှာ သေချာသည်။ ဒါဆိုရင် ဘာလုပ်ရလျှင် ကောင်း မည်နည်း။

ထိုစဉ်မှာပင် ကနခို၏တန်ခိုးကြောင့် ယွန်းရတီဦး၏ ဲက်ထဲရစ်လာခဲ့သည်။ ဣန္ဒြေဆယ်ကြည့် ပါသေးသည်။

ချောင်းဆိုးလိုခြင်းနှင့် ဝမ်းသွားလိုခြင်းသည် ချုပ်တည်း အောင့်အည်းခြင်းငှာ မတက်သာသော အရာတွေပါတကား၊

www.burmeseclassic.com



"ကိုမောဒန်ပွကြီး. . . "

"ခင်ဗျာ. . . "

"ကျွန်. . . ကျွန်မ. . . ရေအိမ်ခဏ ဝင်ချင်တယ်"

"ရေအိမ်ဆိုတာ ဘာပါလိမ့်. . . ကျွန်တော်သိ တာ ဝါးအိမ်သစ်အိမ်၊ တိုက်အိမ်ပဲ. . "

"မော်ဒန်ဆိုပြီး. . တုံးလိုက်တာနော်. . ။ရေ အိမ်ဆိုတာ အင်္ဂလိပ်လို 'လက်ထရီ'လိုခေါ်တယ်။ မြန်မာလိုတော့ 'အိမ်သာ' တဲ့. . . '

"ဟာ. . ဒါဆို. . နောက်ဖေးမီးဖိုချောင် တံခါးကိုဖွင့် ပြီးသွားပါ။ အားတောနာတယ်ဗျာ။ အိမ်သာလိုက်ပြင်တဲ့ ကုလားခေါ်ထားတာ. . . ရောက်မလာသေးတော့. . သည်းခံ ပြီးသာ သွားပေရော့. . "

မတက်သာတော့ ကိုယ်ဝမ်းနာ ကိုယ်သာသိလေသည်မို့ ယွန်းရတီဦးလည်း မီးဖိုချောင်တွင်းအမြန် ဝင် တံခါးကိုဖွင့်လျက် ရေအိမ်သို့တက်ပါလေတော့၏။

တစ်မိနစ်. . . နှစ်မိနစ်ဖြင့် နာရီလက်တံတွေ တရွေ့ ရွေ့သွားလေသည်မှာ အတော်လေးကြာသွား၏။ ယွန်းရတီဦးမှာ အိမ်သာထဲမှ ပြန်ထွက်မလာပေ။ အိမ်သာမှာက မစင်တွေက ပိုက်မကောင်း၍ တစ်နေသည်။ သည်မြင့်ကွင်းသည်အနံ့တွေက



နုနယ်လှပကျော့ရှင်းလှစွာသော ယွန်းရတီဦးအား မူးမေ့ လဲကျ သွားစေခဲ့ပြီလား။

ပွကြီးအဖို့ စိတ်ပူရလေပြီ. . . ။

ထို့ကြောင့်ပင် နောက်ဖေးမီးဖိုချောင်သို့ဝင်ကာ တံခါး ဝအနီး၌ရပ်လျှက် 'အဟမ်း. . အဟမ်း' ဟူ၍ ချောင်းသံပေးမိ လေတော့၏။ ထိုသို့ချောင်းသံပေး မှပင်. . ယွန်းရတီးဦး၏ အသံ ထွက်ပေါ်လာတော့၏။

"ကိုပွကြီး. . ကိုပွကြီး. . "

"ဗျာ. . "

"ကျွန်မကိုကူညီပါဦး. . . "

"ဘာများလဲ. . . အိမ်သာထဲဝင်ပြီး မွေ့ထုတ်ဖို့လား"

"ဟာ. . . မဟုတ်ဘူး. . . မဟုတ်ဘူး သွယ်သွယ်ရဲ့ ထမီတစ်ထည်လောက်ယူလာခဲ့ပါ. . "

"ဟာ. . . ကျုပ်ကထမီမကိုင်ဘူးဗျ။ ဘုန်းတွေနိမ့်ကုန် လိမ့်မယ်. . . "

"ဒါဆိုလည်း. . တုတ်ချောင်းနဲ့ကော်ပြီး ယူလာပေါ့ ပြီးရင် အိမ်သာတန်းပေါ်တင်ခဲ့ပါ။ ပြီးရင် ရေလည်း ချိုးချင်တယ်. . . ။တစ်ကိုယ်လုံးနံစော်နေတာပဲ. . ဝေါ. . "

သည်ကတည်းက ပွကြီးသဘောပေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်သာထဲမှ ပြည့်နေသော ဇလားထဲက မစင်များသည် ယွန်းရတီဦးအား မလွဲမသွေ ဒုက္ခပေးသွားသည်မှာ သေချာသည်။ သည်မစင်ကြောင့်ပင် . . ရေချိုးဖို့အဝတ်လဲဖို့ တောင်းဆိုခြင်းဖြစ်မည်။သို့ဖြစ်၍. . . ကြီးကြီးအခန်းသို့ဝင်ကာ တန်းဘွင် တင်ထားသည့် ထမီခေါက်အား ကြက်မွှေးတံမြက်စည်းဖြင့် လှမ်းယူရင်း . . အိမ်သာတန်း၌ တင်ပေးခဲ့သည်။

မကြာပါချေ။

ရေချိုးခန်းမှ ရေလောင်းချိုးသံများ တဗွမ်းဗွမ်းကျနေသည်ကို ကြားရ၏။ နောက်ဆယ်မိနစ်လောက် ကြာတော့. . . ယွန်းရတီဦးတစ်ယောက် ထမီရင်ရှားနှင့် ထွက်လာ၏။ သည်အသွင်ကိုမြင်ရတော့ ပွဲကြီးအဖို့ ရင်တွေတဒိန်းဒိန်းခုန်လာတော့၏။

"ဒီ. . ဒီမှာ"

"ဗျာ. . ဗျာ. . ဗျာ. . ဗျာ. ."

"ရှင်ဘယ်လိုဖြစ်နေတာလဲ၊ ရီးတီးယားတား မလုပ်နဲ့နော်၊ ကျွန်မက ကြောက်တက်တဲ့အစားထဲက မဟုတ်ဘူး"

"ကျုပ်. . ကျုပ်. . ဘာလုပ်လိုလဲဗျာ. ."

"ဒါဖြင့်. . သွယ်သွယ်ဘော်လီအင်္ကျီနှင့် အင်္ကျီတစ်ထည် ယူလာပေး. ."



"ဟာ. . . ခက်ပြီ. . ."

"ဘာခက်တာလဲ. ."

"ညီမလေးက သူ့အခန်းတံခါးပိတ် သွားတယ်ဗျ"

"ဒါဖြင့် ကျွန်မက ဒီလိုထဘီရင်လျားကြီးနဲ့ နေရမှာလား"

"မနေရပါဘူးဗျာ. . . ညီမလေးအခန်း ပိတ်နေပေမဲ့ သူ့အဝတ်တွေ့မရပေမယ့်. . . ကြီးမေ ဒဲ မေမေအခန်းထဲက ယူလို့ရပါတယ်. . ခဏနော်. . ခဏ. . ."

ပွဲကြီးလည်းကြီးမေ အခန်းသို့ဝင်ကာ ဘော်လီနှင့် ရင်ဖုံးအင်္ကျီကို ယူလာပေး၏။

BURMESE CLASSIC .com

"ရှင်. . ဟိုဘက်လှည့်နေ. . ကျွန်မအဝတ်လဲမလို့"

"ကဲပါဗျာ. . လဲပါ. . . လဲပါ. ."

ယွန်းဝတီဦးလည်း အဝတ်အစားလဲနေ၏။ လမ်းမဘက်သို့ မျက်နှာပေးထားသော ပွဲကြီးအဖို့ မမျှော်လင့်သော မှန်ကွင်းကြောင့် မျက်လုံးများ ပြူးထွက်ကာ ဟိုက်ခနဲဖြစ်သွားရလေသည်။

အကြောင်းမူ. . . ဘကြီးနှင့်ကြီးမေတို့ ခြံထဲဝင်လာခြင်းသောကြောင့်တည်း။

"ဟာ. . . ဟေ့. . . ဟေ့. ."

www.burmeseclassic.com

www.burmeseclassic.com



"အို. . . ဟဲ့. . . ဟဲ့ ဘယ်လိုဖြစ် တာလဲ. . ."

အားလုံးကြောင်နေကြသည်။

"ပွကြီး. . . လူ လူကလေး မင်း မိန်းမခိုးလာသလား"

"မ. . မ. . . မဟုတ်. ."

"အယ်. . . သူငယ်မက. . . ကျုပ်ရဲ့အင်္ကျီတွေ ထဘီတွေ ဝတ်ထားသတော့. ."

"ဟာ. . . ဘာတွေ ဘယ်လိုဖြစ်ကြတာလဲကွာ"

"ဒီ. . . ဒီလိုပါ. . . သူ. . . သူက. . . ဟိုမဂ္ဂဇင်းက မျက်နှာဖုံးရှင်ပါ။ ယွန်းဝတီဦး. . . တဲ့။သူက. . . သွယ်သွယ်ဆီ လာလည်တာ ဘကြီးရဲ့. ."

"ဟာ. . . ဘယ်က သွယ်သွယ်လဲ. . . ဒီ အိမ်မှာ ငါရယ်၊ ဟောဒီက ငါ့မိန်းမရယ် မင်းရယ်ပဲရှိကြတဲ့ဥစ္စာ. . ."

"ဒီ. . . ဒီမှာ. . . ကိုယ်ပွကြီး. . . ရှင်. . . ရှင်"

ကြားထဲမှ တစ်မျိုးအထင်ခံနေရသည့်အတွက် ယွန်းဝတီဦးလည်း ပွကြီးကို ဒေါသတကြီးဖြင့် လက်ညှိုးတစ်ထိုးထိုး လုပ်လေတော့၏။

"ကျုပ်. . . ကျုပ် ရှင်းပြပါရစေဗျာ. . . ဒီက ဘကြီး ကြီးမေတို့လည်း နားလည်အောင် သားရှင်းပြပါရစေ."

သည်နောက်ပွကြီးလည်း သွယ်သွယ်ဟူသော အမည်အမဖြင့် သူစွဲလမ်းနေပြီဖြစ်သော ယွန်းဝတီဦးအား မိတ်ဆက်ခဲ့ကြောင်း တစ်ဖက်မှလည်း တကယ်မိန်းမသားအထင်ဖြင့် ငွေစာပေးရာမှ စာချင်းအဆက်အသွယ်ရှိခဲ့ကြောင်း၊ သည်တ. . . မမျှော်လင့်ဘဲ ယွန်းရတီဦးလာလည်သဖြင့် ကမောက်ကမ. . . ဖြစ်ရကြောင်း၊ အိမ်ပေါ်အရောက် ဖြစ်ပုံပျက်ပုံအစုံစုံကို

www.burmeseclassic.com



ဇာတ်ဟန်မနှော နတ်သံနှောလျက် ပြောပြလေရာ ဘကြီးနှင့် ကြီးကြီးတို့လည်း မအူမလည် ပွဲကြီးအတွက် ရယ်ပွဲဖွဲ့မိကြလေ၏။

"ဘကြီးတို့ကသာ ရယ်နေ... သမီးတော့.. တကယ် သွယ်သွယ်မဟုတ်ဘဲ... ဘကြီးတို့တူရဲ့ အလိမ်ခံရလို့ ရှက်တယ်.."

"မ...မငိုလိုက်ပါနဲ့ယွန်းရယ် ကျွန်တော် အထူးတလည်တောင်းပန်ပါတယ်ဗျာ...အားလုံးဟာ ကျွန်တော့် အပြစ်တွေချည်းပါပဲ၊ ချစ်ယွန်းလို့ ကြံမိကြံ ရာကြံမိတာပါ"

"ဟုတ်ပါတယ်.. သမီးရယ်... ကြီးမေတို့လည်း သမီးကို တောင်းပန်ပါတယ်။ ကြီးမေတို့တူလေးဟာ တကယ့် လူရိုးလေးပါ၊ သမီးပြန်ရင် ကြီးမေတို့ လိုက်ပို့ပေးပါမယ်... သမီးက ဘယ်မှာနေတာလဲ.."

"သမီးက ချောက်မိုင်ခွဲက အဆောင်မှာပါ။ နယ်ကနေ သင်တန်းလာတက်တာပါ...သမီးရဲ့ ဇာတိက ပုသိမ်ပါ"

"ဟေ... ပုသိမ်ဟုတ်လား... ပုသိမ် ဘယ်နား ကလဲ"

ယွန်းဝတီဦးက သူမ၏ ဇာတိနယ်မြေကို ပြောပြလိုက်သည်။ ထိုအခါ ပုသိမ်သားဖြစ်သော ဘကြီးဦးမင်း



မောင်က-

"ဟာ... ဒါဆို ဘကြီးလည်း အဲဒီကပဲ၊ ရန်ကုန်ကိုတက်လာတာ၊ ဆယ်နှစ်လောက်ရှိပြီ ဒါထက် သမီးမိဘတွေက..."

"ဦးညွန့်လွင်နဲ့ ဒေါ်မသွေးတို့ပါ.."

"ဟာ...ဒါ ဘကြီးနဲ့ ခင်မတန်ရင်းနှီးတာကလား ရပ်ဆွေရပ်မျိုးတွေပဲ..."

"ဟုတ်လိမ့်မယ်..သမီးလည်း ဘကြီးကို မြင်ဖူးပါတယ်လို့ အကဲခတ်နေတာ... ဘကြီးက ဦးမင်းမောင်မဟုတ်လား ကြီးကြီးက ဒေါ်သင်းလှိုင် မဟုတ်လား..."

"ဟုတ်တာပေါ့ကွယ်... မှန်တာပေါ့ကွယ်၊ အဟေး ဟေး ကံထူးလိုက်တာကွယ်။ ကိုယ့်မိတ်ဆွေရင်းချာတွေ့ရဲ့ သမီးလေးနဲ့ ခုလိုမျိုး ရေစက်ပြန် ဆုံရတယ်လို့.."

"ကိုင်း... သမီး နောက်ကို ဘကြီးတို့ကြီးမေတို့အိမ် ကို ကိုယ့်မိဘတွေအိမ်လို့ သဘောထားပြီး ဝင်ထွက်နေ တံခါးမရှိ ဓားမရှိ.."

"အဟင်း ဟင်း...တံခါးမရှိ၊ ဓားမရှိပေမယ့် ဘွား တော့ရှိတယ်.."

"ဟဲ့..ဘယ်မလဲ...ကျား..."

www.burmeseclassic.com

www.burmeseclassic.com



"ဟောဟိုမှာလေ"

"ဟာဗျာ. ."

ယွန်းဝတီဦးက လက်ညှိုးထိုးပြသဖြင့် မော်ဒန် ပွဲကြီး မှာ ကျောတွန့်သွားရလေ၏။

"ဟား. . ဟား. . ဟား. . . ဟား တို့များ သမီးက ချက်ကျကျပြောတက်ဆိုတက်သဟော့. ."

ဤသို့ဤပုံ ပျော်ပျော်ရွှင်ရွှင်နှင့် နိဂုံး သတ်ပြီးလေ သည့် နောက်ဆက်တွဲ ကာလများမှာတော့ မော်ဒန့်ပွဲကြီးနှင့် ယွန်းဝတီဦးတို့၏ အနေအထားသည်လည်း. . . နေခြည်မှာ ရွှေရည်လောင်းရင်း ချစ်စောင်းသံလေးတွေ လွင့်စာငြိမ့်ငြိမ့် သိမ့်သိမ့်ကလေး ပေါ်ထွက်လာလိမ့်မည်မှာ ဧကန်မလွဲတော့။

(ပြုံးရွှင်ရယ်မောနိုင်ကြပါစေ)

မြို့မေတ္တာခံယူမယ့်

ကိုရွှေတောသား

BURMESE CLASSIC .com

www.burmeseclassic.com